# ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (22-2-2007) (၅၂၄၁)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၂၀၀၇ ခုနှစ် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၂၀၀၇ ခုနှစ် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို
ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၀၇)
၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်
(၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–**

၁။ ဤဥပဒေကို ၂၀၀၇ခုနှစ် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၆။ (က) အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို ၁၂နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်း မပြုပါက ဦးစီးဌာနသို့လွှဲပြောင်းပေးရမည်။ ၁၂နှစ် မပြည့်မြောက်စေကာမူ ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် အစိုးရဌာနများ၏ ၁၂ နှစ် ပြည့်မြောက်ပြီး မှတ်တမ်းများကို ဝင်ရောက်စစ်ဆေး၍ ဆက်လက်သုံးစွဲခြင်းမပြုတော့ကြောင်း တွေ့ရှိရသည့် မော်ကွန်းဖြစ်လာနိုင်မည့်မှတ်တမ်းများကို လွှဲပြောင်းရယူရမည်။

(ဂ) အစိုးရဌာနများသည် ၁၂နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့်မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး သုံးစွဲခြင်းမပြုတော့သည့်အချိန်တွင် ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဃ) ဦးစီးဌာနသည် ယင်းသို့ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို မိတ္တူကူးယူနိုင်သည်"

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းရှူး ရတနာမြေ ကျောက်မျက်ရတနာလုပ်ကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းရှူးရတနာမြေလုပ်ကွက်များစစ်ဆေး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်ရန်မှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မိုင်းရှူးရတနာမြေ ဝမ်ကန်ရပ်ကွက်၊ လွိုင်ဆောင်ထောက်ရပ်ကွက်နှင့် ကုန်းမြင့်သာရပ်ကွက်များကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ကုန်းမြင့်သာရပ်ကွက်ရှိ မြန်မာ့ဂုဏ်ရည် ကျောက်မျက်ရတနာကုမ္ပဏီသို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ▲**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၂-၂-၂၀၀၇
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

ရခိုင်ပြည်နယ်၌ ယခင်က ရေကြောင်းနှင့် လေကြောင်းလမ်းများကိုသာ အဓိကအားထား အသုံးပြုသွားလာခဲ့ကြရသော်လည်း ယနေ့ကာလတွင် လမ်းသစ်၊ တံတားသစ်များစွာကို ဖောက်လုပ်တည်ဆောက်ပေးထားရာ မော်တော်ယာဉ်ဖြင့် မြို့နယ်အသီးသီးနှင့် အခြားသော ပြည်နယ်၊ တိုင်းဒေသများသို့ အချိန်အခါ ရာသီမရွေး လွယ်ကူစွာဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ရန်ကုန်–စစ်တွေ၊ ရန်ကုန်–ကျောက်ဖြူ၊ သေိုင်းချောင်း–ဂွ ကားလမ်းမကြီးများနှင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၃၅ စင်းတို့၏ အကျိုးပြုမှုကြောင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာ အထောက်အကူပြုလျက် ရှိသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် အခြေခံကောင်းများ ရရှိနေသည်။ ရခိုင်ပြည်နယ်၏ စီးပွားရေးတွင် အဓိကဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လျက်ရှိသည်။ ပြည်နယ်တစ်ဝန်းစပါးဧက ၁၂ သိန်းကျော်၊ ပဲအမျိုးမျိုးဧက တစ်သိန်းခုနစ်သောင်းကျော်နှင့် ဆီထွက်သီးနှံဧက တစ်သိန်းငါးသောင်းကျော် စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍအပြင် မွေးမြူရေးကဏ္ဍတွင်လည်း ပုစွန်မွေးမြူရေးကန် ဧကတစ်သိန်းငါးသောင်းကျော် လုပ်ကိုင်လျက်ရှိပြီး ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည်။

ထို့အပြင် ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင် စီးပွားဖြစ် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ တိုးချဲ့ရှာဖွေလုပ်ကိုင်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ ကောင်းမွန်လျက်ရှိသည်။ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှု အကျိုးပြုလမ်းများ၊ တံတားများ၊ ပင်လယ်ဆိပ်ကမ်း ဆိပ်ခံတံတားများ ပေါ်ထွန်းလာမှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်း စားနပ်ရိက္ခာ ပြည့်စုံဖူလုံရုံသာမက ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။



မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနေ မောင်မိုးမြတ်ဖြိုး–မငြိမ်းငြိမ်းမြတ်တို့က မင်္ဂလာဦးအလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်အမှတ်(၂)ရှိ ခိုင်စုသူ ထုတ်လုပ်မှုကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံမန်နေဂျင်း ဒါရိုက်တာ ဦးမျိုးခင်က စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက စက်ရုံများကြုံတွေ့ရသည့် အခက်အခဲများကို ကူညီရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို မှာကြားကာ စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ လွှသွေးစက်ခန်းနှင့် သစ်ခွဲသားများ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံမှ တန်ဖိုးမြှင့်ကျွန်းခွဲသားများကို စင်ကာပူ၊ ဟောင်ကောင်၊ ပြင်သစ်၊ အီတလီ၊ ဘယ်လ်ဂျီယံတို့သို့ တင်ပို့လျက်ရှိသည်။

**ရှင်းလင်း**

ဆက်လက်ပြီး ဝန်ကြီးသည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ ခိုင်သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမန်နေဂျင်း ဒါရိုက်တာ ဦးစိုးခွန်ကျော်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံမှ ကျွန်းသစ်ခွဲသားများနှင့် ဥယျာဉ်သုံးပရိဘောဂများကို ပြင်သစ်၊ အင်္ဂလန်၊ ဂျာမနီ၊ ဟော်လန်၊ တူရကီ၊ အီတလီ၊ နယူးဇီလန်၊ ဩစတြေးလျ၊ မလေးရှား၊ အစ္စရေး၊ ဂရိနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာစက်မှုဇုန်ရှိ ခိုင်သစ်အချောထည်စက်ရုံတွင်ကြည့်ရှုစစ်ဆေးစဉ်။**(သစ်တောရေးရာ)

# တပ်မတော်ဆေးရုံများအတွက်နို့မှုန့်များလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်မတော်ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် Mo Asia Co.,Ltd Dumex မှ ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ Dumilk Full Cream နို့မှုန့်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Co.,Ltd Dumexမှ မန်နေဂျာ ဒေါက်တာ ဒေါ်ဖြူတီကြည်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး Dumilk Full Cream နို့မှုန့်များကို ပေးအပ်လှူဒါန်းရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးကိုယ်စား ဗိုလ်မှူးချုပ် မြင့်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(အောက်ပုံ)** (က–ပ)



# သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်း၊မွေ့ရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များကို မတ် ၂ ရက်မှ ၈ ရက်အထိ အဓိဋ္ဌာန်(၇)ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ မတ် ၁ ရက်နေ့ အရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

# ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ မတ် ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မတ် ၁ ရက်(ကြာသပတေးနေ့)တွင် (၂၁၈)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်–၃၈၄ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ ၄နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။ ဆုတန်ဖိုးအလိုက် ဆုမဲများမှာငွေကျပ်သိန်း(၅၀၀)တစ်ဆု၊ ငွေကျပ် သိန်း(၃၀၀)နှစ်ဆု၊ ငွေကျပ် သိန်း(၂၀၀) လေးဆု၊ ငွေကျပ်သိနး(၁၀၀)၃၂ ဆု၊ငွေကျပ်(၁၀)သိန်း ၅၂၇ ဆု၊ ငွေကျပ် ငါးသိန်း ၁၇ဆု၊ ငွေကျပ် လေးသိန်း ၂၁ဆု၊ ငွေကျပ်နှစ်သိန်း ၁၉၂ ဆု၊ ငွေကျပ်တစ်သိန်း ၁၅၃၀ဆု၊ ငွေကျပ် ရှစ်သောင်း ၆၀ဆု၊ ငွေကျပ် လေးသောင်း ၉၃ ဆုနှင့် ငွေကျပ် နှစ်သောင်း ၁၅၀၅၄ ဆု စုစုပေါင်း ၁၈၃၃၃ ဆုဖြစ်သည်။

(၂၁၈)ကြိမ်မြောက် ငွေ ၁၀၀ တန်ထီ ပေါက်သည့် ကံထူးရှင်များအား ဆုငွေ ထုတ်ပေးခြင်းကို မတ် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှင့်ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကိုကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြပြီးလာရောက်ထုတ်ယူနိုင်ကြောင်း သက်ဆိုင်ရာမှအသိပေးကြေညာထားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

**မူးယစ်ဆေးဝါး အန္တရာယ်နှင့် HIV/AIDS ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က တာမွေမြို့နယ် အမက (၃၂)တွင် ပြုလုပ်ရာ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးလှဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။** (ဝ၈)



# မူးယစ်ဆေးအန္တရာယ်နှင့် တိုင်းရင်းဆေး

ဝတ်ရည်ဆွေ ( တိုင်းရင်းဆေးပညာဦးစီးဌာန )

နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်၍ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ရန်အတွက် စီမံကိန်းများ ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာကဏ္ဍ၏ တိုးတက်ဖွံ့ဖြိုးမှုများကို ယနေ့အချိန်အခါတွင် လက်တွေ့ကျကျ မြင်တွေ့ရမည်ဖြစ်ပါသည်။

တိုင်းရင်းဆေးပင်များနှင့် ဆေးနည်းများကို **မြစ်ချင်းပြီးဆေးနည်း**များအဖြစ်မှသည် အများပြည်သူသုံး ဆေးဝါးများအဖြစ် ထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာ **"စံ"** နှင့်လည်းကောင်း၊ တိုင်းရင်း ဆေးဝါးများကိုလည်း အနောက်တိုင်းဆေးဝါးများ **"စံ"** နှင့်လည်းကောင်း၊ နှိုင်းယှဉ်ပြောဆိုလာကြပြီ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် လူသားမျိုးနွယ်အဆက်ဆက် လက်ဆင့်ကမ်း အမွေဆက်ခံခဲ့ကြရာမှ ဆေးဝါးများသည်လည်း သဘာဝဆေးပင်နှင့် ဆေးပစ္စည်းများကို အခြေခံကြရသဖြင့် ဆေးဝါးဖော်စပ်ရာတွင်ဖြစ်စေ၊ မြစ်ချင်းပြီး သုံးစွဲကြသည့်အခါဖြစ်စေ ဆေးပင်ဆေးနည်းများ၏ အခေါ်အဝေါ်နှင့် ဆေးဖော်နည်း လွဲမှားတိမ်းစောင်းသွားပါက ကျန်းမာအသက်ရှည်မှုအတွက် **"ဆေး"** မဖြစ်ဘဲ **"ဘေးအန္တရာယ်"**ပင် ဖြစ်စေတတ်ပါသည်။

ဤဆောင်းပါးတွင်မူ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်နေကြသူများနှင့် တိုင်းရင်းဆေးဝါးများကို အားထားသုံးစွဲနေသူများ သတိထားရမည့် အချက်များကို တင်ပြသွားပါမည်။

**ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများကို ကျေးလက်ဒေသနေပြည်သူများသာမက မြို့ပြနေ ပြည်သူအများစုကပါ ယခင်ဆယ်စုနှစ်များ ကာလကထက် ပိုမိုအားထားလာသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနကလည်း မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမို တိုးမြှင့်စောင့်ရှောက်ပေးလျက်ရှိ။**

**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကု ဌာနများတွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံများမှ ထုတ်လုပ်သော ဆေးဝါးများဖြင့် အခမဲ့ ကုသပေးလျက်ရှိပါသည်။ ဌာနထုတ်ဆေးများကို ဖော်စပ်ထုတ်လုပ်ရာတွင် ၁၉၈၂ခုနှစ်က ပြဋ္ဌာန်းခဲ့သော တိုင်းရင်းဆေးကုဌာနသုံး ဆေးနည်းများ စာအုပ်နှင့် ၂၀၀၀ပြည့်နှစ်က ထုတ်ဝေခဲ့သော မြန်မာတိုင်းရင်းဆေးနည်း နိဿရည်း စာအုပ်တို့တွင် ပါရှိသော အသိအမှတ်ပြု ဆေးဖုံများကိုသာ အခြေခံ၍ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများအဖြစ် ဖော်စပ်ထုတ်လုပ်ကြပါသည်။**

တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် ပင်မအရင်းအမြစ် ပရဆေးကုန်ကြမ်း သုံးမျိုးကို အဓိကအသုံးပြုကြရပါသည်။ ယင်းတို့မှာ သစ်ပင်ထွက်ပရဆေးပစ္စည်း၊ တိရစ္ဆာန်ထွက်ပရဆေးပစ္စည်းနှင့် တွင်းထွက် သဘာဝသယံဇာတပစ္စည်းများ ဖြစ်ပါသည်။ သို့ရာတွင် ဆေးဝါးအများစုကိုမူ သစ်ပင်ထွက် ပရဆေးပစ္စည်းများဖြင့်သာ ဖော်စပ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့ ဖော်စပ်ကြခြင်းမှာ သစ်ပင်များတွင် ရှိသော ဓာတ်၊အပူအအေး၊ ရသ၊ **ဝိပါက၊ ဂုဏ်၊ ကိစ္စ၊ပဘာဝ**များဖြစ်သော အစွမ်းထက်အာနိသင်များကိုသိရှိပြီး ကျန်းမာရေးအတွက် ဖော်ထုတ်သုံးစွဲကြပါသည်။ ဌာနထုတ်ဆေးဝါးများကို ဖော်စပ်ရာတွင် ကုန်ကြမ်းပစ္စည်းပေါင်း ၂၄၁ မျိုးကို အသုံးပြု၍ ဆေးနည်းပေါင်း ၅၇ မျိုးအထိ ဖော်စပ်ထုတ်လုပ်သုံးစွဲကြကြောင်း သိရှိရပါသည်။

တိုင်းရင်းဆေးကုဌာနသုံး ဆေးဝါးများကို ရောဂါအလိုက်ကုသ သုံးစွဲရာတွင် လတ်တလောဖြစ်ပေါ်တတ်သော ရောဂါများသာမက နာတာရှည်ရောဂါများကိုပါ ကုသနိုင်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဆေးဝါးများကို ဖော်စပ်ရာတွင် အပူ-အအေး၊ အတက်-အသက်၊ အပိတ်-အဖွင့် စသော အခြေခံအချက်များကို ဓာတ်သဘာဝများနှင့် ညှိနှိုင်းကာ ဖော်စပ်ထားသဖြင့် အာနိသင်ထက်မြက်၍ ဘေးထွက်ဆိုးကျိုးနည်းပါးပါသည်။ သို့ရာတွင် တိုင်းရင်းဆေးဝါးများသုံးစွဲရာ၌ အနောက်တိုင်းဆေးဝါးများကဲ့သို့ အချိန်အတွယ်ပမာဏ တိကျမှုရှိရ မည်ကို အထူးသတိပြုကြရမည်ဖြစ်ပါသည်။ မည်သည့်ဆေးဝါးမဆို ဆေးအညွှန်းပမာဏကို မလေ့လာမသိရှိဘဲ မိမိသဘောဖြင့် သုံးစွဲခြင်း မပြုသင့်ကြောင်း အထူးသတိပေးလိုပါသည်။ ယခင်က မြန်မာ့တိုင်းရင်းဆေးဝါးများဖော်စပ်ရာ ဖော်နည်းကားတွင် ဘိန်း၊ ဆေးခြောက် အစရှိသည့် မူးယစ်ဆေးဝါးအုပ်စုဝင် ကုန်ကြမ်းများ ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဥပမာအားဖြင့်- ဝမ်းပိတ်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေးနှင့် မျက်ကွင်းဆေးများတွင် ဘိန်းနှင့်ဆေးခြောက် ပါဝင်ကြောင်း တွေ့ရပါသည်။ အဆိုပါ မူးယစ်ဆေးအုပ်စုတွင်ပါဝင်သော ဘိန်း၊ ဆေးခြောက်တို့ကို ဆေးအမှတ်(၂၂)အေးပိတ်ဆေးတွင် ရှစ်ပဲသားစီနှင့် ဆေးအမှတ်(၅၃) မျက်ကွင်းဆေးတွင် ဘိန်းနှစ်ကျပ်သား၊ ထည့်သွင်းဖော်စပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုဝမ်းပိတ်ဆေးတွင်ပါဝင်သော ဘိန်း ရှစ်ပဲသားအစား ရာတန်စေ့ တစ်ကျပ်သား၊ ဆေးခြောက် ရှစ်ပဲသားအစား တောင်ကြာဥ တစ်ကျပ်သားထည့်သွင်း၍ ဖော်စပ်ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ အစားထိုးသုံးစွဲခြင်းဖြင့် မူလဝမ်းပိတ်စေသည့် အာနိသင်အတိုင်း ထိရောက်မှုရှိကြောင်း တွေ့ရပါသည်။ မျက်ကွင်းဆေးတွင်လည်း ဘိန်းကိုသုံးစွဲခြင်းမပြုတော့ကြောင်း သိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ဘိန်းနှင့် ဆေးခြောက်ကဲ့သို့ ပရဆေးပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများအဖြစ် အမိန့်ကြော်ငြာစာဖြင့် တားမြစ်ပိတ်ပင်ထားပါသည်။

သို့ရာတွင် အရက်ကိုမူ ထိခိုက်ဒဏ်ရာနှင့်အကြောပြေလိမ်းဆေးဖော်စပ်ရာတွင် အသုံးပြုလေ့ရှိကြပါသည်။ သောက်ဆေးများတွင်မူ ထည့်သွင်းဖော်စပ်မှုမရှိကြောင်း လေ့လာသိရှိရပါသည်။

မူးယစ်စေတတ်သည့် အုပ်စုဝင်ပစ္စည်းများကိုဆေးဝါးအဖြစ် ဖော်စပ်ထုတ်လုပ်ခြင်းကို မြန်မာတိုင်းရင်းဆေးဆရာများက လုံးဝရှောင်ကြဉ်ကြပါသည်။ သို့ရာတွင် မည်သည့် ကိစ္စမဆို စုန်းပြူး ပါလာတတ်ရာ ယခုကဲ့သို့ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကြားကပင် သမားစိတ်မပြည့်ဝသည့် အချို့အတ္တသမားများက မိမိအကျိုးအတွက် ရောင်တော်ပြန်နှင့် ရောလွှတ်သည့် ကိစ္စများဆောင်ရွက်လာကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ကြားသိ နေရပါသည်။ ဘိန်း၊ ဆေးခြောက်စသည်တို့ကို ဆေးဖော်စပ်ရန် အကြောင်းပြကာ တိုးတိုးတိတ်တိတ်ဝယ်ယူ၍ သုံးစွဲနေကြခြင်းမှာ မူးယစ်ဆေးဝါး ဥပဒေနှင့်ငြိစွန်းသည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ အန္တရာယ်သည် လူသားအားလုံးအတွက်ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း အလေးအနက် ယုံကြည်ခံယူထားပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးအလွဲသုံးမှုချုပ်ငြိမ်းပပျောက်ရေး ဦးတည်ချက်နှင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိပါသည်။

မူးယစ်စေတတ်သော ပစ္စည်းမှန်သမျှ၊ စီးပွားရေး၊ ကျန်းမာရေးများ ပျက်စီးဆုံးရှုံးစေတတ်၍ လူသားတို့၏ အသက်အန္တရာယ် ဖြစ်စေနိုင်သည်သာဖြစ်ပါသည်။ သို့ပါ၍ **မူးယစ်ကိုသုံး လူမျိုးပြုန်း၊ ရှောင်လေဝေးဝေးမူးယစ်ဆေး**ဟုပင်ဆိုစမှတ်ပြုခဲ့ကြပါသည်။ မူးယစ်စေတတ်သော အရာများသာမကအာစင်းနစ် (Arsenic)၊ ခဲ (Lead)၊ ပြဒါး (Mercury)၊ ရွှေ (Gold) ငွေ(Silver)စသော သတ္တုဗြာ (Heavy Metals)များကိုပါဆေးဝါးများအဖြစ် ဖော်စပ်အသုံးပြုခြင်းကိုလည်း ခွင့်ပြုခြင်းမရှိပါ။ ထို့ပြင် ပရဆေး ကုန်ကြမ်းပစ္စည်းများကို အခြားပစ္စည်းတို့နှင့်ရောနှောမှု (Adulteration)ရှိ၊ မရှိကိုပါ စစ်ဆေးလျက်ရှိပါသည်။ အဆိုပါ သတ္တုဗြာများ ပါဝင်ခြင်း ရှိ၊ မရှိနှင့် အရောအနှောထည့်သွင်းထားခြင်းရှိ၊ မရှိကို သုတေသနဓာတ်ခွဲခန်း တွင်စိစစ်လျက်ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီက တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခွင့် ပြု၊ မပြု အဆုံးအဖြတ်ပေးပါသည်။ **မြန်မာ့တိုင်းရင်းဆေးဝါးဖော်စပ်ထုတ်လုပ်သူများအနေဖြင့် နိုင်ငံတော်အတွင်း မည်သည့်တိုင်းရင်းဆေးဝါးကို ထုတ်လုပ်သည်ဖြစ်စေ ၁၉၉၆ခုနှစ်တွင် နိုင်ငံတော်ကထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။**

ယခုအခါ မြန်မာ့တိုင်းရင်းဆေးဝါးများကိုအိမ်တွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုမှသည် စက်ရုံအလုပ်ရုံများ၌ ကောင်းမွန်သော ဆေးဝါး ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ဝန်ထမ်းပေါင်း ရာနှင့်ချီ၍ နိုင်ငံတကာ အဆင့်မီ ခေတ်မီစက်များ၊ အဆင့်မြင့်နည်းပညာများ၊ ခေတ်မီထုပ်ပိုးမှုပုံစံများ အသုံးပြု၍ ဈေးကွက်အတွင်း အမြောက်အမြား ထုတ်လုပ်သည့် အဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးစား အားထုတ်နေကြပြီဖြစ်ပါသည်။

၂၀၀၀ပြည့်နှစ်မှ စတင်ကျင်းပခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲများသည် မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အဆင့်အတန်းနှင့် အရည်အသွေးကို နိုင်ငံတကာအဆင့်နှင့်လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ **ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများကို ကျေးလက်ဒေသနေပြည်သူများသာမက မြို့ပြနေပြည်သူအများစုကပါ ယခင်ဆယ်စုနှစ်များ ကာလကထက် ပိုမိုအားထားလာသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနကလည်း မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုတိုးမြှင့်စောင့်ရှောက်ပေးလျက်ရှိပါသည်။** ထို့မျှမက နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ တိုးမြှင့်ရရှိစေရေးအတွက်လည်း အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအားကိုးအားထားပြုနေကြသော သမိုင်းကြောင်း အစဉ်အလာခိုင်မာလှသည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများကို နည်းမှန်လမ်းမှန်စနစ်တကျ ကုသဖော်ထုတ် ရောင်းချကြခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရာတွင် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများသည် အရေးပါသောကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## အစိပ္ပာယ်ရှင်းလင်းချက်

| | | |
|---|---|---|
| **(က)မြစ်ချင်းပြီးဆေး** | – | ဆေးပင်၊ ဆေးပစ္စည်း တစ်မျိုးတည်းဖြင့် ရည်ညွှန်းသောရောဂါကို ကုသနိုင်သည့်ဆေး။ |
| **( ခ ) ဂုဏ်** | – | ဆေးဖက်၌ တည်ရှိသော အရည်၊ အခဲ၊ အပူ၊အစပ်၊အခါး စသော အကျိုးသတ္တိနှင့်တကွ ထူးသော သဘော။ |
| **( ဂ ) ကိစ္စ** | – | ဆေးအတွင်းရှိ သတ္တိ၊ရသ၊ဂုဏ် စသည့် ဆေး၏ကိစ္စကို ပြီးစီးစေခြင်း။ |
| **(ဃ)ဝိပါက** | – | ဝမ်းမီးဖြင့်ကြေကျက်ပြီးနောက် အရသာတစ်မျိုးသို့ ပြောင်းလဲသွားခြင်း။ |
| **( င ) ပဘာဝ** | – | ရသ စသည် တူလျက် အမှုကိစ္စမတူဘဲ ထူးခြားစွာ ဖြစ်ခြင်း။ တန်ခိုး။ |



ကိုရီးယားသမ္မတနိုင်ငံ ရေတပ်မှ ကမ်းခြေစောင့်သင်္ဘောတစ်စင်း ပင်လယ်ပြင်တွင် လုံခြုံရေးဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မော်စကိုမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိ အခြေအနေကို ထိန်းချုပ်ထားနိုင်၍ မစိုးရိမ်ရဟုဆို

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် တွေ့ရသော ကြက်ငှက်တုပ်ကွေးရောဂါသည် မြို့တော်၏အနောက်တောင်ပိုင်း ဈေးတစ်ခုအတွင်းမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားစိုက်ပျိုးရေးသတင်းရပ်ကွက်က ဆိုသည်။

ရုရှားဈေးအတွင်း တွေ့ရသော ရောဂါပိုးသည် $H_5 N_1$ ဖြစ်သည်ဟု သံသယဖြစ်ဖွယ်ရာရှိသော်လည်း ယင်းကိစ္စကို အသေအချာသိရစေရန် ဓာတ်ခွဲခန်း စမ်းသပ်မှုများပြုလုပ်သွားရန် လိုအပ်သည်ဟုဆိုသည်။ အကယ်၍ ဓာတ်ခွဲခန်းစမ်းသပ်ချက်က $H_5 N_1$ ရောဂါပိုးဖြစ်ကြောင်း အတည်ပြုနိုင်လျှင် ယခုရောဂါပိုးတွေ့ရှိမှုသည် မော်စကိုဝန်းကျင်ဒေသ၌ ပထမဦးဆုံးပင်ဖြစ်လိမ့်မည်ဟု ဆိုသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အယ်လ်လက်ဆီအယ်လက်ဆီရန်ကိုက ယခုတွေ့ရသော ရောဂါပိုးသည် $H_5 N_1$ ဖြစ်ကြောင်း အတည်ပြုသည်ဟုဆိုသော်လည်း မော်စကိုရှိ တိရစ္ဆာန်ဆေးကုဌာန အကြီးအကဲ ဗာလာရီဆီနာကော့ကမူ ဓာတ်ခွဲခန်းမှ လောလောဆယ် အဖြေရနိုင်ဦးမည်မဟုတ်ဟု ဆိုသည်။

လောလောဆယ်အခြေအနေတွင် ရောဂါပိုး တွေ့ရသည်ဆိုသောဈေးကို ပိတ်ထားပြီး မော်စကိုဝန်းကျင်ဒေသရှိ ကြက်ငှက်များ ကာကွယ်ဆေးထိုးရေးကိစ္စများကို စီစဉ်ဆောင်ရွက်ထားသည်ဟုဆိုသည်။ လက်ရှိအခြေအနေတွင် ရောဂါဖြစ်ပွားမှုအနေအထားမှာ စိုးရိမ်စရာ တစ်စုံတစ်ရာမရှိဘဲ ထိန်းချုပ်ထားနိုင်သည်ဟု သိရသည်။

***အင်တာနက်။***



ဗြိတိန်နိုင်ငံ ရှတ်တလန်ဒေသတွင် ရိုးရာပွဲတော် အခမ်းအနား ကျင်းပနေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အိုလံပစ်အားကစားပြိုင်ပွဲအတွက် ရွှေ့ပြောင်းရေအိမ်များ ဆောက်လုပ်မည်

**ပေကျင်း ဖေဖော်ဝါရီ ၂၀**

တရုတ်နိုင်ငံ မြို့တော် ပေကျင်းတွင် ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့် နေရာများ၌ ရွှေ့ပြောင်းရေအိမ်အလုံး ၈၀၀ ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အိုလံပစ်အားကစားပွဲသို့ လာရောက်သူများအတွက် ရေအိမ်သုံး တစ်ကိုယ်ရေသန့်စင်မှုပံ့ပိုးရေး ပိုမိုထိရောက်စေရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းအစီအစဉ်တွင် ကမ္ဘာ့လှည့်ခရီးသည် တည်းခိုရာနေရာများနှင့် အဓိကလမ်းမကြီးများလည်း ပါဝင်မည်ဖြစ်ကြောင်း အိုလံပစ်အားကစားပွဲကာလပတ်ဝန်းကျင် သန့်ရှင်းမှုပံ့ပိုးရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဂူကျိဝေက ပြောကြားသည်။ ပေကျင်းမြို့၌ လူဦးရေ ၁၄ သန်းကျော်ရှိပြီး လောလောဆယ်တွင် အများသုံးရေအိမ် အလုံး ၈၀၀၀ ခန့်သာရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

# အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့ နိုင်ငံတစ်ဝန်း စစ်ရေးလေ့ကျင့်

**တီဟီရန် ဖေဖော်ဝါရီ ၂၀**

အီရန်လက်ရွေးစင်တော်လှန်ရေး အစောင့်တပ်ဖွဲ့ဝင်များ (အိုင်အာဂျီစီ) သည် နိုင်ငံတစ်ဝန်းတွင် သုံးရက်ကြာ စစ်ရေးလေ့ကျင့်မှုများ တနင်္လာနေ့က စတင်ခဲ့ပြီး ဒုံးကျည်စမ်းသပ်မှုများလည်း ပြုလုပ်ခဲ့ကြကြောင်း အစိုးရသတင်းဌာနက ဖော်ပြသည်။

**စမ်းသပ်ပစ်လွှတ်**

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံ ပြည်နယ် ၁၆ ခုတွင် ပြုလုပ်ခဲ့ကြသည်။ တော်လှန်ရေးအစောင့် ကြည်းတပ် တပ်ရင်းပေါင်း ၂၀ တို့က ခေတ်မီ လက်နက်များအသုံးပြု၍ ယင်းစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည်။

**ပစ်ခတ်နိုင်**

ဖဲယား-သရီးဒုံးကျည်သည် တာတိုပစ်အမျိုးအစားဖြစ်ပြီး ဖဲယား-ဖိုက်သည် ကီလိုမီတာ ၇၀ ခန့်အကွာအဝေးရှိ ပစ်မှတ်ကိုပစ်နိုင်သည့် ဒုံးကျည်ဖြစ်သည်။ ဇယ်ဇယ်ဒုံးကျည်သည် ကီလိုမီတာ ၁၀၀ မှ ၄၀၀ အထိ ပစ်ခတ်နိုင်သည့် ဒုံးကျည်ဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

**တိုက်ခိုက်ရေးစွမ်းရည်**

စစ်ရေးလေ့ကျင့်မှု ရည်ရွယ်ချက်သည် တော်လှန်ရေးတပ်ဖွဲ့ဝင် အသီးသီး၏ တိုက်ခိုက်မှုစွမ်းရည် မြင့်မားကာ တိုက်ပွဲအတွက် အဆင်သင့်ဖြစ်စေရန် ဖြစ်သည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**လေ့ကျင့်**

**ရုရှားနိုင်ငံမှ ဘော့ဗ် ရေခဲလျှောစီး အားကစားသမားလေးဦး ဆွစ်ဇာလန်နိုင်ငံ နှင်းတောင်ဒေသ၌ လေ့ကျင့်နေသည်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘောလိဝုဒ်မင်းသား ဆေးကုသမှုခံယူ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

ဘောလိဝုဒ်ရုပ်ရှင် ထိပ်တန်းမင်းသား ဆာအစ်အလီခန်သည် ရင်ဘတ်အောင့် ဝေဒနာခံစားရသဖြင့် မွမ်ဘိုင်းမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

**ဆေးရုံတင်**

အသက်(၃၆)နှစ်ရှိ အလီခန်ကို တနင်္ဂနွေနေ့က လီလာဗာတီဆေးရုံသို့ အမြန်တင်ပို့လိုက်ရသည်။ ၎င်းသည် အလုပ်ကြိုးစားလွန်းသဖြင့် အလုပ်ပင်ပန်းမှုဒဏ်ကို ခံခဲ့ရဖွယ်ရှိကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

**ကြပ်မတ်**

၎င်းကို အထူးကြပ်မတ် ကုသလျက်ရှိပြီး ဓာတ်မှန်ရိုက်စစ်ဆေးမှုကို ပြုလုပ်ထားကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဗာအီရှာလီရော့ဂျ်ပါရာက ပြောကြားသည်။

၎င်းသည် အိန္ဒိယ ခရစ်ကက်အားကစားအသင်း ခေါင်းဆောင်ဟောင်း မန်ဆာအလီခန်ပါတာဒီနှင့် အိန္ဒိယရုပ်ရှင် မင်းသမီးကြီး ရှာမီလာတဂိုးတို့၏ သားဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဗန်ကောက်ဗုံးပေါက်ကွဲမှု ဘတ်ငွေတစ်သန်း ဆုငွေထုတ်ပြန်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်တွင် နှစ်သစ်ကူးအကြိုနေ့က ဗုံးပေါက်ကွဲခဲ့မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားအား ဖမ်းမိနိုင်ရေးသတင်းပေးလျှင် ဘတ်ငွေတစ်သန်း (အမေရိကန် ဒေါ်လာ ၂၇၈၀၀) ချီးမြှင့်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ဆုတော်ငွေထုတ်ပြန်ကြေညာလိုက်သည်။

**ဒဏ်ရာရရှိ**

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ဗန်ကောက်မြို့တော်တွင် လူတစ်ဦး ဗုံးထောင်နေပုံကို လုံခြုံရေး ကင်မရာဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ဗန်ကောက်မြို့ရှိ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဖြင့် စည်ကားရာနေရာများတွင်လည်းကောင်း၊ ဗန်ကောက်မြို့အနီးရှိ နွန်သာဘူရီပြည်နယ်တွင်လည်းကောင်း ဗုံးကိုးလုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးပြီး လူ ၄၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် မသင်္ကာသူ ၁၉ ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သော်လည်း သက်သေအထောက်အထား မခိုင်လုံသဖြင့် ၎င်းတို့ကို နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

အသက် ၂၅ နှစ်မှ ၃၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးသည် ဆာပန်းကာဝေလမ်းဆုံရှိ မီးပွိုင့်အနီးတွင် အထုပ်တစ်ထုပ်ကို ပစ်ချခဲ့ကြောင်း၊ ညနေ ၄ နာရီ ၅၃ မိနစ်တွင် ဗုံးချထားခဲ့ပြီးနောက် ညနေ ၆ နာရီတွင် ဗုံးပေါက်ကွဲခဲ့ရာ မီးပွိုင့်အနီးရှိ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးကင်မရာမှတ်တမ်းတွင် ဖော်ပြသည်ဆို၏။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှား၌ မြေပြိုမှုဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ် မာဂယ်လန်း ခရိုင် တန်ဂျန်ဆာရီနှင့် ပါဆန်ဆာရီကျေးရွာတို့၌ တနင်္ဂနွေနေ့က မြေပြိုမှုဖြစ်ပွားရာ ရွာသား ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထို့အပြင် ရွာသားလေးဦး ဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း တန်ဂျန်ဆာရီကျေးရွာ အကြီးအကဲ ဆာပါရီ၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက ဖော်ပြသည်။

ယင်းရွာနှစ်ရွာမှ ရွာသား ၅၀၀ နီးပါး မြောင်းတူးနေကြစဉ် နံနက် ၁၀ နာရီတွင် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ဆာပါရီက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

ကြေးမုံ The Mirror

## နိုင်ငံတကာ သတင်းများ



အီရန်နိုင်ငံ၌ တာတိုပစ်ဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီ ၂၀ရက်က စမ်းသပ်ပစ်လွှတ်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း ဖိလစ်ပိုင်အောက်လွှတ်တော်အတည်ပြု

**မနီလာ ဖေဖော်ဝါရီ ၂၀**

ဖိလစ်ပိုင် အောက်လွှတ်တော်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို တနင်္လာနေ့တွင် အတည်ပြုလိုက်သည်။ အဆိုပါဥပဒေအရ အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို စွဲချက်တင်ခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်ခွင့်၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံရသူအား ထောင်ဒဏ်အနှစ် ၄၀အထိ အပြစ်ပေးနိုင်ခွင့်ရှိမည် ဖြစ်သည်။

အကြမ်းဖက်သမားများအဖြစ်မသင်္ကာသူများအား အရေးယူနိုင်ရန် ဥပဒေများ ပြည့်စုံမှုမရှိဟု ဖိလစ်ပိုင်နိုင်ငံကို ယခင်က ဝေဖန်မှုများရှိခဲ့သည်။

သမ္မတ ဂလိုရီယာ မာဂါပါဂဲလ်အာရိုယို၏ မေတ္တာရပ်ခံချက်အရ ပါလီမန်အောက်လွှတ်တော်၏ အထူးအစည်းအဝေးကျင်းပကာ ယင်းဥပဒေကြမ်းကို အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို အထက်လွှတ်တော်က လွန်ခဲ့သည့်သီတင်းပတ်နှစ်ပတ်က အတည်ပြုပေးခဲ့ပြီးဖြစ်သည်။သမ္မတအာရိုယိုသည် ယင်းဥပဒေကြမ်းကို လက်မှတ်ရေးထိုးကာ အတည်ပြုပေးရန် ရှိသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေသည် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများအား အကြမ်းဖက်သမားများ၏ ဘေးရန်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ဟိုဆေးဒီဗီနီစီဟာက ပြောကြားသည်။

သို့ရာတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပါလီမန်ရှိ အတိုက်အခံအမတ်များကကန့်ကွက်ကြသည်။မိမိတို့၏ ကန့်ကွက်ချက်ကို တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားမည်ဖြစ်ကြောင်း အတိုက်အခံအမတ် ဆာတူးအိုကမ်ပိုက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်လိုကြောင်း အင်ဒိုနီးရှားသမ္မတ၏ သဝဏ်လွှာ၌ဖော်ပြ

**ပေကျင်း ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှား ခေါင်းဆောင်များက တရုတ်နိုင်ငံနှင့် ကောင်းမွန်သည့် ဆက်ဆံရေး တိုးတက် ရရှိလိုသည်ဟု နွေဦးပွဲတော် အခါသမယတွင် တရုတ်ခေါင်းဆောင်များသို့ ဆန္ဒပြုကာ နှုတ်ခွန်းဆက်သလိုက်သည်။

အင်ဒိုနီးရှားသမ္မတဆူဆီလိုဘန်ဘန်းက တရုတ်သမ္မတ ဟူကျင်တောင်သို့ ကြာသပတေးနေ့တွင် သဝဏ်လွှာပါးသည်။ ယင်းသဝဏ်လွှာတွင် နှစ်နိုင်ငံ၏ဆက်ဆံရေး ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျေနပ်အားရမိပြီး အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် ဆန္ဒပြုသည်ဟု ဖော်ပြထားသည်။

နှစ်နိုင်ငံ၏ ဆက်ဆံရေးတွင် ချောမွေ့သည့် တိုးတက်ဖြစ်ထွန်းမှုများ မကြာခင်ကာလအတွင်းရှိခဲ့သည်ကို မြင်တွေ့ခဲ့ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ပြဿနာပေါင်းစုံ ကဏ္ဍများတွင် ဖြစ်ကြောင်း စသည်ဖြင့် သဝဏ်လွှာတွင်ပါရှိသည်။

နှစ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုကဏ္ဍများတွင် တိုးမြှင့်ရန် ကြိုးပမ်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံပြုလုပ်မည်ဟု ယုံကြည်ထားကြောင်း သဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားသည်။

နှစ်နိုင်ငံပြည်သူလူထု၏ အကျိုးဖြစ်ထွန်းမှုအတွက် ဆက်ဆံရေးခိုင်မာစေရန် ကြိုးပမ်းသင့်သည်ဟု ဆူဆီလိုက တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်ထံသို့ သီးခြားပို့သည့် သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဒုံးခွင်းဒုံးဖြန့်ကြက်ရန်အစီအစဉ် ပိုလန်နိုင်ငံသားတို့ဆန့်ကျင်

**ဝါဆော ဖေဖော်ဝါရီ ၂၀**

ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံးဖြန့်ကြက်မည့် အစီအစဉ်ကို ၅၅ရာခိုင်နှုန်းသော ပိုလန်နိုင်ငံသူ နိုင်ငံသားတို့က ဆန့်ကျင်ကြသည်ဟု မကြာမီကကောက်ယူသည့် လူထုသဘောထားစစ်တမ်းအရ သိရကြောင်း ပိုလန်မှပီအေပီသတင်းဌာနက တနင်္လာနေ့တွင်ဖော်ပြသည်။

ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံးဖြန့်ကြက်မှုအစီအစဉ်ကို ၂၈ရာခိုင်နှုန်းသော ပိုလန်နိုင်ငံသူ၊ နိုင်ငံသားတို့က နှစ်သက်ကြသည်ဟု စစ်တမ်းတွင် ဖော်ပြသည်။ ယင်းစစ်တမ်းကိုပိုလန်ပြည်သူ့သဘောထားဆန္ဒဌာနက (စီဘီအိုအက်စ်) ကောက်ယူခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဇွန်လကလူထုသဘောထားစစ်တမ်း ကောက်ယူပြီးသည့်နောက်ပိုင်း ဖော်ပြပါ အစီအစဉ်ကို ဆန့်ကျင်သူရာနှုန်းမှာ မပြောင်းမလဲရှိနေခဲ့စဉ် ယင်းအစီအစဉ်ကိုထောက်ခံသူဦးရေသည် ခုနစ်ရာခိုင်နှုန်းကျဆင်းလျက်ရှိသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာကကောက်ယူသည့် စစ်တမ်းတွင် ဖော်ပြပါအစီအစဉ်ကိုထောက်ခံသူဦးရေသည် ထက်ဝက်ရှိပြီး ၃၂ရာနှုန်းဦးရေကသာ ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်ဟု စစ်တမ်းတွင် ဖော်ပြထားသည်။

ပိုလန်တွင် ဒုံးခွင်းဒုံးဖြန့်ကြက်ရန် အစီအစဉ်ကိုဆန့်ကျင်သည့် အကြောင်းများတွင် ပိုလန်နိုင်ငံအတွက် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုအန္တရာယ်နှင့် ယင်းအစီအစဉ်က မည့်သည့် နည်းနှင့်မျှ အကျိုးမပြုနိုင်ဘဲ အသုံးမတည့်သည့် စီမံကိန်းဖြစ်ပြီး ရုရှားနိုင်ငံနှင့် ဆက်ဆံရေး ဆိုးရွားစေနိုင်သည့် ကိစ္စရပ်များ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဘုရားကျောင်းတစ်ခုတွင် နှစ်သစ်ကူးပွဲတော်၌ ကျွေးမွေးမည့် စားသောက်ဖွယ်ရာများ ချက်ပြုတ်နေကြသည်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်၌ကနေဒါတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရ

**အော့တဝါ ဖေဖော်ဝါရီ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် တနင်္ဂနွေနေ့ အစောပိုင်းက စစ်သည်တင် သံချပ်ကာ ယာဉ်သုံးစီး တိုက်မိခဲ့သဖြင့် ကနေဒါ တပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိကြောင်း ကနေဒါသတင်းဌာနများက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

မကြာသေးမီက ရောက်ရှိလာသော သံချပ်ကာယာဉ်များကို စစ်စခန်းတစ်ခုမှ အခြားစစ်စခန်းတစ်ခုသို့ ရွှေ့ပြောင်းစဉ်အတွင်း ယင်းသို့ ဖြစ်ပွားခြင်းဖြစ်ကြောင်း ကနေဒါတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဒါလီမက်အီချန်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အမေရိကန်နိုင်ငံ မီယာမီမြို့ဆေးရုံ၌ လမစေ့ဘဲ မွေးဖွားသည့် ကိုးလက်မအရွယ်ရှိ ကလေးငယ်အား ဆေးရုံတွင် တွေ့ရစဉ်။
(ဆေးရုံ၌ လေးလကြာကုသပေးပြီးနောက် ယခုအခါဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

# ကိုဆိုဗိုတွင် ပေါက်ကွဲမှုဖြစ်ပွား ကုလသမဂ္ဂယာဉ်သုံးစီးပျက်စီး

**ပရစ်တီနာ(ဆားဘီးယား) ဖေဖော်ဝါရီ ၂၀**

ကိုဆိုဗိုဒေသ၏ မြို့တော်ပရစ်တီနာရှိ လူနေရပ်ကွက်တစ်ခုတွင် ပေါက်ကွဲမှုတစ်ခု တနင်္လာနေ့ကဖြစ်ပွားခဲ့သဖြင့် ကုလသမဂ္ဂ ယာဉ်သုံးစီးပျက်သွားခဲ့ကြောင်း၊ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားသည်။

မိမိတို့က မည်သည့်ကိစ္စရပ်များ ဖြစ်ပွားနေသည်ကို စစ်ဆေးနေသည်ဟု ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ကုလသမဂ္ဂ ယာဉ်သုံးစီး အနက်မော်တော်ယာဉ်တစ်စီးအောက်၌ ပေါက်ကွဲစရာပစ္စည်းထားခဲ့ဖွယ်ရှိသည်ဟု ရဲသတင်းရပ်ကွက်ကပြောကြားသည်။

၉၀ရာခိုင်နှုန်းရှိအယ်ဘေးနီးယားလူအများစုက လွတ်လပ်ရေးတောင်းဆိုမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန် နီးကပ်လာစဉ် ဆားဘီးယားဒေသရှိ ကုလသမဂ္ဂ ထိန်းချုပ်ထားသည့် ပြည်နယ်တွင် တင်းမာမှုများမြင့်မားလာခဲ့သည်။

ကိုဆိုဗိုဒေသမှာ ၁၉၉၉ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂကထိန်းချုပ်ထားခဲ့သည့် ဒေသဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အမေရိကန်စစ်အခြေစိုက်စခန်း တည်ဆောက်မှု အီတလီတွင်ကန့်ကွက်

**ရောမ ဖေဖော်ဝါရီ ၂၀**

အီတလီနိုင်ငံမြောက်ပိုင်း ဗီစင်ဇာမြို့ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်း ချဲ့ထွင်မည့် ဆောက်လုပ်ရေးလုပ်ငန်းကို ပိတ်ပင်မည်ဖြစ်ကြောင်း ဆန္ဒပြသူများက တနင်္လာနေ့တွင် ခြိမ်းခြောက်ပြောကြားလိုက်သည်။ ခန့်မှန်းခြေအားဖြင့် ၇၀၀၀၀ ကျော်ခန့်ရှိသည့်ဆန္ဒပြသူများသည် အမေရိကန်စစ်စခန်းချဲ့ထွင်ရေးကိစ္စအပေါ် မကျေမနပ်ဖြစ်ပြီး စနေနေ့က ဆန္ဒပြခဲ့ကြပြီး စစ်စခန်း အဆောက်အအုံကို သိမ်းပိုက်ရန် ကြံရွယ်နေကြသည်ဟု စည်းရုံးရေးမှူးများက ပြောကြားသည်။

မိမိတို့၏ တောင်းဆိုချက်ကို မျက်ကွယ်ပြုပါက မြေထိုးစက်များအသုံးပြု ဆောင်ရွက်မည်ဟု ဆန္ဒပြသူခေါင်းဆောင် ဘောထီနီက ပြောကြားသည်။

အခြားသောလက်ဝဲအုပ်စုတစ်စုကလည်း ဆန္ဒပြရာ ပါဝင်မည်ဖြစ်ပြီး စစ်ရေးအခြေစိုက်စခန်းတွင် ဆန္ဒပြနေသည့် ဒေသခံများ၏ ဆုံးဖြတ်ချက်ကို ထောက်ခံမည်ဟု ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ တစ်နှစ်တစ်ကြိမ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓမြတ်စွယ်တော် အပါအဝင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ အားဖြင့် ဗုဒ္ဓစေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ပဉ္စမအကြိမ်မြောက် ကျင်းပပူဇော်မည်ဖြစ်ရာ မတ် ၂ ရက် နံနက် ၅ နာရီတွင် အရဏ်သစ်သီးဆွမ်း တော်ကြီး ကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်မည်ဖြစ်သည် ။

အထူးတရားပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၂၈ရက်တွင် တိပိဋကရေ ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ မတ် ၁ ရက်တွင် ဓမ္မဒူတဆရာတော် ဘဒ္ဒန္တ ဆေကိန္ဒ၊ မတ်၂ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ၊ မတ် ၃ ရက်တွင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ မတ် ၄ ရက်တွင် မေတ္တာအေးဆရာတော် ဘဒ္ဒန္တ သုဇာတတို့က ညစဉ် ၇ နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)



# သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် မြန်မာဟာဂျီများ ကြိုဆိုဂုဏ်ပြုပွဲ တက်ရောက်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၁၇)ကြိမ်မြောက် မြန်မာဟာဂျီများအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ကျင်းပသည်။**

ရှေးဦးစွာ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဟာဂျီဗိုလ်ကြီးမြအောင် (ငြိမ်း)က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံ သံအမတ်ကြီး Mr. Tarki Bin Naji Al Ali နှင့် မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ် နာယက သံအမတ်ကြီး ဦးလှမောင် (ငြိမ်း)တို့ကဂုဏ်ပြုအမှာစကားပြောကြားကြသည်။ ယင်းနောက် ၂၀၀၆-၂၀၀၇ ခုနှစ် မြန်မာဟာဂျီများအဖွဲ့ ခေါင်းဆောင် ဟာဂျီဦးညွန့်လှိုင် **(အောက်ပုံ)**က ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)





# ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ အခြေခံတိုင်းရင်းဆေးပညာ သင်ကြား ပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်လျက်ရှိရာ ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆရာဝန်သစ်လွင်များအား အခြေခံတိုင်းရင်းဆေးပညာ၏တန်ဖိုးကို သိရှိနားလည်စေရန် ဆေးတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းတွင် ထည့်သွင်းသင်ကြားပို့ချပေးခဲ့ပြီး ပထမဦးဆုံးအကြိမ် အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဆေးပညာဘွဲ့ရရှိသူ ၂၁၃ ဦးအား အဆိုပါလက်မှတ် ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ရန် သစ်တောရေးရာဝန်ကြီးဌာနမှ အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးအနက် နေရေးလိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အပေါ်အခြေခံ၍ သစ်တောသယံဇာတ အရင်းအမြစ်များအား စနစ်တကျစီမံအုပ်ချုပ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

**ပုဂ္ဂလိကသစ်တောစိုက်ခင်းများ**

အနာဂတ်ကာလ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ တိုးတက်များပြားလာသည့် ပြည်သူလူထု၏ သစ်လိုအပ်ချက်ဖြည့်ဆည်းပေးရေးနှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို မိမိတို့ဒေသအလိုက် သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ရှိသော မြေများတွင် မြေငှားရမ်း၍ တည်ထောင်လုပ်ကိုင်ခွင့်ပြုလျက်ရှိသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်လုပ်ကိုင်လိုသူ များသည် မိမိတို့ကြိုက်နှစ်သက်ရာ သစ်မျိုးများ စိုက်ပျိုးရန်အတွက် အနည်းဆုံးမြေတစ်ဧကမှသည် ဆောင်ရွက်လိုသည့် ပမာဏအထိလျှောက်ထားရယူနိုင်ကြသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခြင်းသည် မိမိပိုင်သစ်အဖြစ် တရားဝင်ထုတ်ယူ သုံးစွဲခွင့်ရရှိပြီး စီးပွားရေးအကျိုးအမြတ်များခြင်းသာမက နိုင်ငံတော်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း၊ ရာသီဥတုပြေပြစ်မျှတလာပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တောသယံဇာတ အမွေအနှစ်များ ဖန်တီးလွှဲပြောင်းပေးအပ်နိုင်ခြင်း စသည့်အကျိုးတရားများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ဗုဒ္ဓတရားတော်အရလည်း သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလုပ်ငန်းတစ်ရပ်ဖြစ်သည်။

မိမိတို့၏ အကျိုးစီးပွားအတွက်ဆောင်ရွက်ရင်း နိုင်ငံတော်အကျိုး၊ လောကုတ္တရာ ကုသိုလ်အကျိုးတရားများ ပါရရှိနိုင်သည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ပြည်နယ်၊ တိုင်း သစ်တောဦးစီးဌာနရုံးများသို့လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဖုန်း ၀၆၇-၄၀၅၀၀၆၊ ၀၆၇-၄၀၅၃၉၉၊ ၀၆၇-၄၀၅၀၁၉၊ ၀၆၇-၄၀၅၀၈၂ နေပြည်တော်သို့လည်းကောင်း ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံခြားရုပ်ရှင်ကားများ ဆက်လက်ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ယခုသောကြာပတ် ၂၃ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ကားသစ်များ ရုံတင်နိုင်ခြင်း မရှိဘဲ နိုင်ငံခြားရုပ်ရှင်များသာ မြို့လယ်ရုပ်ရှင်ရုံများ၌ ပြသမည်ဖြစ်သည်။

**သမ္မတရုပ်ရှင်ရုံ**

သမ္မတရုံတွင် ဒါရိုက်တာ Tony Scott ရိုက်ကူးပြီး နာမည်ကြီး စုံထောက်မင်းသား Denzel Washington ပါဝင်သရုပ်ဆောင်ထားသည့် Dejavu ဇာတ်ကား ဆက်လက် ပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ အမေရိကန်ရေတပ်မတော်သားများနှင့် ၎င်းတို့၏မိသားစုဝင်များလိုက်ပါလာသော ကူးတို့သင်္ဘောကြီးကို ဗုံးဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများအား ဖော်ထုတ်ပုံကို အသည်းတယားယား ရင်တဖိုဖို ရိုက်ကူးထားသည့် စွန့်စားမှု အသားပေး ဇာတ်ကြမ်းကားဖြစ်သည်။

**သွင်ရုံ**

သွင်ရုံတွင်ဒါရိုက်တာ Yip Wai-Shun ရိုက်ကူးသည့် ကွန်ဖူးပညာ အသားပေး Dragon Tiger Gate ဇာတ်ကြမ်းကား ဆက်လက်ပြသမည်ဖြစ်သည်။

**မင်္ဂလာရုံ**

မင်္ဂလာရုံတွင် ဒါရိုက်တာ Zhang Yimou ရိုက်ကူးသည့် House of Flying Daggers ဇာတ်ကား ပြသမည်။ ဇာတ်လမ်းမှာ သိုင်းပညာ အသားပေး သမိုင်းနောက်ခံပြု ဇာတ်ကြမ်းကားဖြစ်သည်။

**ရွှေဆောင်**

ရွှေဆောင်ရုံတွင် ဒါရိုက်တာ Oliver Stone ရိုက်ကူးပြီး နာမည်ကြီးသရုပ်ဆောင် Nicholas Cage ပါဝင်သည့် World Trade Center ဇာတ်ကား ပြသမည်ဖြစ်သည်။ အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုအဆောက်အအုံကြီးအား အကြမ်းဖက်သမားတို့ လေယာဉ်ဖြင့် တိုက်ခိုက်ပုံ တကယ့်အဖြစ်အပျက်များကို ဇာတ်လမ်းဆင်ရိုက်ထားသော ဇာတ်ကားတစ်ကား ဖြစ်သည်။

**နေပြည်တော်ရုံ**

နေပြည်တော်ရုံတွင် ဒါရိုက်တာ Benny Chan ရိုက်ကူးပြီး နာမည်ကြီး ကွန်ဖူးသရုပ်ဆောင်မင်းသား ဂျက်ကီချန်း ပါဝင်သည့် ROB-B-HOOD ဇာတ်ကားသစ် ပြသမည်ဖြစ်သည်။

**လှို့ဝှက်သည်းဖို**

ဇာတ်လမ်းမှာ ဖောက်ထွင်းဝိဇ္ဇာ သုံးဦး၏ လှို့ဝှက်သည်းဖိုဇာတ်လမ်းကို ဟာသရောစွက်၍ ပရိသတ် အကြိုက် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။ (ကြေးမုံ)

# ကန်တော်ကလေး ၉၃ လမ်း ဓမ္မာရုံ တရားပွဲများ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကန်တော်လေး ၉၃ လမ်း ဓမ္မာရုံ တရားပွဲများကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ်၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင်တွင် ဓမ္မစေတီ ဆရာတော် အရှင်ကောသလ္လ၊ မတ် ၁ရက်တွင် ဓမ္မဒူတဆရာတော် အရှင် ဆေကိန္ဒ၊ မတ် ၂ ရက်တွင် ပန်းတစ်ပွင့်တောင်ဆရာတော် ဘဒ္ဒန္တ ပညာသာရ၊ မတ် ၃ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်း တရားတော်နာကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၂-၂၀၀၇ (ကြာသပတေးနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ယဉ်ကျေးလိမ္မာကလေးအထူး တရားတော်(အရှင်အာစာရ လင်္ကာရ ဆရာတော်)
- ၈း၂၀ ပြည်တွင်းအနုပညာရေးရာ
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ လူငယ်များ၏စွမ်းပကား အနာဂတ်၏အား
- ၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၀ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၀ ဘော်ဘင်ရေလှောင်တမံ
- ၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၅ သွားမယ်၊ စားမယ် (Happy Cafe & Noodle)
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၁)
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၁း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၅၅ လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
- ၁၂း၁၀ တေးဂီတအစီအစဉ်
- ၁၂း၁၅ သစ်ဆိမ့်ဖူးစာ (သျှားညို၊ခိုင်နှင်းဝေ)
- ၁၂း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၃၅ ဆီးချို၊သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း(အပိုင်း-၁) (ဒေါက်တာသန်းသန်းအေး)
- ၁၂း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**





# တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဆင်သေရေလှောင်တမံနှင့် ဆင်သေရေလွှဲဆည် ရေပေးဝေမှုအခြေအနေနှင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တပ်ကုန်းမြို့နယ် ရောက်ကုန်း အနောက်ရွာရှိ လယ်သမားများ၏ နွေစပါးစိုက်ခင်းတွင် မျိုးစေ့ချ ကိရိယာဖြင့် တန်းဆွဲ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နွေစပါးစိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်များ၊ တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် စိမ်းစားပင် ကျေးရွာရှိ လယ်သမားကြီး ဦးရွှင်၏ လယ်မြေသို့ ရောက်ရှိပြီး ရွှေသွယ်ရင်စပါး ၄ ဒသမ ၅၈ဧက စိုက်ပျိုးထားရှိမှု အခြေအနေနှင့် ပုလဲဓာတ်မြေဩဇာနှင့် သဘာဝ ဓာတ်မြေဩဇာတို့ကို ရောနှော၍ စပါးပျိုးခင်းများနှင့် လယ်မြေအတွင်း ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ကျားသေ အိုင်ကျေးရွာအုပ်စု၊ ရောက်ကုန်း အနောက်ရွာရှိ လယ်သမားကြီးများ၏ နွေစပါးစိုက်ပျိုးခင်းများကိုလည်းကောင်း၊ နွေစပါးစိုက်ပျိုးရန် ၂၁ဧကကို မျိုးစေ့ချ ကိရိယာဖြင့် တန်းဆွဲစိုက်ပျိုးနေမှုကို လည်းကောင်း၊ စက်ကိရိယာများ၊ နွားများဖြင့် လယ်ယာမြေများကို ပြုပြင် ထွန်ယက်နေမှုတို့ကို လည်းကောင်း၊ ဆင်သေရေလှောင်တမံ၏ လက်တံ(၁) ရေသောက်ဧရိယာ၌ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လယ်သမားကြီးများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနား ခရိုင် တပ်ကုန်းမြို့နယ် မယ်ဇလီကျင်း ကျေးရွာအနီးရှိ ဆင်သေရေလှောင်တမံ သို့သွားရောက်ကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆင်သေရေလှောင်တမံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆင်သေရေလှောင် တမံ၏ ရေပေးဝေနိုင်မှု ဧရိယာမှာ ဧက ၃၂၄၀၀ ဖြစ်သည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ခရိုင် စိုက်ပျိုးရေး မန်နေဂျာနှင့်တာဝန်ရှိသူတို့က အဆိုပါ ဆည်မှ သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်မှုများ၊ လက်ဝဲ၊ လက်ယာ မြောင်းမကြီးများမှ ရေပေးဝေမှု၊ ရေဆင်းဧရိယာများနှင့် ရေသောက် လယ်မြေများအခြေအနေကို ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူး ချုပ် ဝေလွင်က တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည် များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင် များသည် ဒဟတ်ကျေးရွာအနီးရှိ ဆင်သေရေလွှဲဆည်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က အဆိုပါဆည်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရေလွှဲအမြင့် ၂၁ပေ၊ အလျားပေ ၉၃၀၊ ရေဆင်းဧရိယာ ၈၁ စတုရန်းမိုင်၊ ဆင်သေချောင်းအနီး၌ တည်ဆောက် ထားပြီး ကန်ရေသိုလှောင်နိုင်မှု ဧကပေ ၅၅၀၀၊ ရေပြင်အကျယ် ၂ စတုရန်းမိုင်၊ ရေထိန်းပေါင် အလျား ၃၅၁၈ပေ၊ သဲထုတ်ရေတံခါး ၁၀ x ၈ပေ ခုနစ် ပေါက် ရှိကြောင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ရေပွန်ပေါက်အနီးပတ်ဝန်းကျင် သို့ ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည် များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေး ဝဲ၊ယာ တစ်လျှောက်ရှိ အလယ်ကျွန်းကျေးရွာ၊ မြောက်မြို့ကျေးရွာ၊ ဒဟတ်ကုန်းကျေးရွာ၊ အေးချမ်းသာယာစံပြကျေးရွာ၊ ဝက်ခြံရိုး ကျေးရွာများရှိ ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ထားရှိမှု အခြေအနေများကို ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာများမှ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များက တိုင်းမှူးအား ခြံစည်းရိုး ကြက်ဆူ ပင်များ ပျိုးထောင်ထားရှိမှု၊ တိုးချဲ့ စိုက်ပျိုးမှုများနှင့် ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကိုတင်ပြ ကြသည်။

ထို့နောက် တိုင်းမှူးက တပ်ကုန်း မြို့နယ် အလယ်ကျွန်းကျေးရွာအနီး ပဲကြီးစိုက်ခင်းနှင့် ဝါစိုက်ခင်းအတွင်း သီးညှပ်ကြက်ဆူကြား စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး မော်တော်ယာဉ်များဖြင့်နေပြည်တော် သို့ ပြန်လည်ထွက်ခွာရာ လမ်းဘေး ဝဲ၊ယာတစ်လျှောက် နွေစပါး စိုက်ပျိုး ထားရှိမှုများ၊ ခြံစည်းရိုးကြက်ဆူ ပင်များ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှု၊ လမ်း ဘေး ဝဲ၊ယာ သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

## ဂုဏပူဇာပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မန္တလေးမြို့မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ဘဒ္ဒန္တ ဝိစိတ္တ (မဟာဓမ္မိကာရာမရွှေကျင် တိုက်မကြီး) ဘဒ္ဒန္တဩဘာသာဘိဝံသ (ရေနံချောင်းကျောင်း မိုးကောင်းတိုက်) ဘဒ္ဒန္တသာဂရာဘိဝံသ (သာယာဝင်း ကျောင်း မြတောင်တိုက်) တို့အား မန္တလေး အသင်း(ရန်ကုန်)က ဂုဏ ပူဇာပွဲသဘင်ကို မတ် ၃ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည် လမ်းရှိ မန္တလေးအသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ သည် မန္တလေးအသင်း(ရန်ကုန်) ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်နိုင် ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## သန်လျင်တောရဝိပဿနာ တရားစခန်းကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

သန်လျင်မြို့ သန်လျင်တောရ ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီးတွင် ဝိပဿနာ ၁၀ ရက် တရားစခန်းကို မတ် ၈ ရက်မှ ၁၇ ရက်အထိကျင်းပမည် ဖြစ်ရာ သန်လျင်တောရ ဓမ္မဝါဒီ ဆရာ တော်ကြီး၏ ဉပနိဿယအတိုင်း ကျောင်းတိုက် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဇဝနဉာဏာဘိဝံသနှင့် သန်လျင်တောရ ယင်းတော်မင်းကျောင်း ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ နိပုဏ အရှင်သူမြတ်တို့က ဝိပဿနာ တရားတော်များကို ဟောကြားပြသ မည်ဖြစ်ရာ ယောဂီများ မတ် ၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေအရောက်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

## ရွှေရင်အေးဆရာတော်တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ၏ (ပဓာနနာယက)ဘဒ္ဒန္တပညာနန္ဒ(ဓမ္မကထိကဗဟုဇနဟိတရေ)ရွှေရင်အေးဆရာတော် သည် ဖေဖော်ဝါရီ ၂၄ရက်နှင့် ၂၅ရက်ညတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ် ညောင်နီရွာ အရှေ့ကျောင်းဓမ္မသဘင်၌လည်းကောင်း၊ မတ်၂ရက်မှ ၆ြ၅ရက်အထိ ရန်ကုန်တိုင်း သုံးခွမြို့နယ် မဇ္ဈိမပဋိပဒာမဟာစည်ရိပ်သာ၌ လည်းကောင်း၊ ယင်းရိပ်သာ(ပဓာနနာယက) မဟာစည်နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပုညာနန္ဒနှင့် အတူ ၁၅ရက်တိုင် တရားတော်များဟောကြားမည်ဟုသိရသည်။ (က-ပ)

## အင် တာ နက် ကျန်း မာ ရေး သ တင်း

# မလိုအပ်ဘဲ ဗိုက်ခွဲမွေးခြင်းသည် အန္တရာယ်များကြောင်း သတိပေး

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

ဆေးပညာသဘောအရ မဖြစ်မနေဗိုက်ခွဲမွေးရန် လိုအပ်သည့် အခြေအနေ မျိုးမရှိဘဲ မိမိသဘောအလျောက် ဗိုက်ခွဲ၍ မွေးရန်စဉ်းစားသူ အမျိုးသမီးများ အနေဖြင့် မဆင်မခြင်မပြုလုပ်သင့်ကြောင်း၊ ထိုသို့မလိုအပ်ဘဲ ပြုလုပ်ခြင်း သည် အန္တရာယ်ကင်းသောကိစ္စမျိုး မဟုတ်ဆိုသည်ကို သတိထားသင့်ကြောင်း ကနေဒါနိုင်ငံ ဆရာဝန်များက ယခုသီတင်းပတ်ထုတ် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

အမျိုးသမီးများ မီးဖွားသောအခါ သွေးလွန်ခြင်း၊ ပြင်ပမှ ရောဂါပိုးဝင်ခြင်း နှင့် သွေးခဲသွားခြင်း စသော ရှုပ်ထွေးသည့် အခြေအနေများ ဖြစ်ပွားတတ်သည်။ သာမန်မွေးရိုးမွေးစဉ်မွေးဖွားသူများ၌ ဖော်ပြပါအခြေအနေမျိုးနှင့် ကြုံတွေ့ ရရန်အလားအလာရှိသည်ထက် ဗိုက်ခွဲ၍ မွေးသူများ၌ ထိုကဲ့သို့ အလားအလာ များ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေ ပို၍များသည်ဟုဆိုသည်။

### ဖော်ထုတ်တွေ့ရှိ

ကနေဒါ ဆရာဝန်များအနေဖြင့် ၁၉၉၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဗိုက်ခွဲ၍မွေးဖွားသူ ၄၆၇၆၆ ဦးနှင့် သမားရိုးကျအတိုင်းမွေးဖွားသူ ၂ဒသမ ၃သန်းတို့ကို နှိုင်းယှဉ်လေ့လာရာမှ အထက်ပါအချက်များကို ဖော်ထုတ် တွေ့ရှိခြင်းဖြစ်သည်။

ထိုသတိပေးချက်ကို ကနေဒါနိုင်ငံ အော့တဝါမြို့ ပြည်သူ့ကျန်းမာရေး ဌာနမှ ဒေါက်တာရှီလျံလျူနှင့် သုတေသီများက တင်ပြခြင်းဖြစ်သည်။

### မီးဖွားစဉ်

မီးဖွားစဉ် အထက်ဖော်ပြပါ ရှုပ်ထွေးသော အခြေအနေများ ဖြစ်ပေါ်လာ နိုင်သည့် အလားအလာသည် ဗိုက်ခွဲ၍ မွေးဖွားသူ ၁၀၀၀လျှင် ၂၇ ဒသမ ၃ဦး ကြုံတွေ့နိုင်သည့် အခြေအနေရှိသည်။ အစဉ်အလာ သဘာဝအတိုင်း မွေးသူ များ၌မူ မိခင် ၁၀၀၀လျှင် ဖော်ပြပါအခြေအနေမျိုးကြုံရရန် အလားအလာရှိသူ ကိုးဦးသာ ရှိသည်ဟုဆိုသည်။

***အင်တာနက်***

## The Commerce Journal ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

The Commerce Journal အတွဲ(၇)၊ အမှတ်(၄)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါဂျာနယ်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအကြား ITနည်းပညာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရန် ကြိုးပမ်းဆောင်ရွက်သွားမည်၊ သွင်းကုန်ခွင့်ပြုချက် ကြောင့် သစ်သီးဝလံများဈေးချိုလာ၊ ကြက်သွန်နီ မှောင်ခိုရောင်းဝယ်သူများအား ထိရောက်စွာ အရေးယူမည်၊ မြန်မာနိုင်ငံ၏ စားသုံးဆီလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် OPECမှ ဒေါ်လာ ၁၂ ဒသမ ၃ သန်းထောက်ပံ့မည်၊ ဝမ်ပုံနယ်စပ် ဖြတ်ကျော် စခန်းဖွင့်လှစ်၊ ဘုရင့်နောင် ကြက်သွန်နီ ဈေးကွက်၊ မုံရွာပဲဈေးကွက်၊ မန္တလေး ဆံပင်ဈေးကွက်၊ နိုင်ငံခြားခရီးကို လေယာဉ်စီးသွားမည့် ပင်လယ်ကျောက်ပုစွန်၊ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ၊ တာချီလိတ်မှ ချင်းဈေးကွက်၊ ထိုင်းအမျိုးသားများအတွက် ယင်းမာဖိနပ်၊ ဘုရင့်နောင် မီးဖိုချောင် သီးနှံဈေးကွက်၊ ဈေးကျလာတဲ့အာလူး၊ စက်မှုဇုန် မြေဈေးနှုန်းများ၊ တက်သစ်စ မင်းသား လီမင်ကီ(နန်ဘုန်ကီ)စသည့် သတင်းများ၊ စီးပွားရေးဆောင်းပါးများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဈေးနှုန်းများ၊ ပြည်တွင်း ပြည်ပဈေးကွက်သတင်းများ၊ နယ်စပ်ကုန်သွယ်ရေး သတင်းများ၊ ရန်ကုန်မြို့၏ စားကုန်နှင့် လူသုံးကုန် ဈေးနှုန်းများကို စာရင်းဇယားများဖြင့် တစ်မူထူးခြားစွာအချက်အလက် ခိုင်မာစွာဖြင့် ဝေဝေ ဆာဆာ ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၂-၂၀၀၇ (ကြာသပတေးနေ့ )**

**၁၃၆၈ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်(အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
- ၈း၀၅ ၆။ အကပဒေသာ
- ၈း၂၀ ၇။ မန်းချောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
- ၄း၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၁၅ ၆။ **"သတိတစ်ချက်တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊နန်းကလျာလှိုင်) [ဒါရိုက်တာ-စောစန္ဒာလှိုင်]**
- ၅း၃၀ ၇။ တေးဂီတအစီအစဉ်
- ၅း၄၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သီရိဂေဟာ
- ၇း၀၀ ၁၂။ Discovery
- ၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၄)(ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး"(အပိုင်း-၁၄)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## ❐ ၂၀၀၇ ခုနှစ်မှ

၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဦးစီးဌာနရှိ မှတ်တမ်းများနှင့် မော်ကွန်းများ လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားနိုင်ရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ(၆)၊ ပုဒ်မခွဲ(က)အရ ဦးစီးဌာနသို့ ပေးပို့ရမည့် မှတ်တမ်းများ ရရှိရေးအတွက် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) အစိုးရဌာနများက ပုဒ်မ(၆)၊ ပုဒ်မခွဲ(က)နှင့် (ဂ)တို့အရ လွှဲပြောင်းပေးသော မှတ်တမ်းများကို လက်ခံရယူခြင်း၊

(ဃ) အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများက တည်ထောင်ထားသော မော်ကွန်းတိုက်များရှိ မော်ကွန်းစဉ်စာရင်းများအား ပြုစု၍ ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(င) ဝန်ကြီးနှင့်ကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော တာဝန်များကိုဆောင်ရွက်ခြင်း။"

၄။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ မည်သူမျှမော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပျက်ပြယ်စေခြင်း မပြုရ။"

၅။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်သိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၁)ရပ်ကွက် အရှေ့ရန်ကင်း တိုက်(၂၀၇)နေ ဦးအောင်သန်းဦး-ဒေါ် ခင်နွဲ့နွဲ့ရီ၊ ဦးနိုင်လင်းထွန်း-ဒေါ်ဝင်းဝင်းမော်၊ ဒုတိယဗိုလ်မှူးကြီး ဟန်သူ-ဒေါ်ခင်ခင်သော်၊ မနိုကီစိုးဝင်းနှင့် ကြေးအုပ်စိုးဟန်သူ မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိမလ(ကျောက်ဆည်) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ထူးခြားသည့် ညအပူချိန်များ

(၂၁-၂-၂၀၀၇)

| | |
|---|---|
| **ဟားခါးနှင့် နမ့်စန်** | ၀ ဒီဂရီစင်တီဂရိတ် |
| **ပင်လောင်း** | ၁ ဒီဂရီစင်တီဂရိတ် |
| **လားရှိုး** | ၂ ဒီဂရီစင်တီဂရိတ် |
| **ရန်ကုန်** | ၁၈ ဒီဂရီစင်တီဂရိတ် |

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

**၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။**

**၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။**

**၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။**

**၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။**

▲ ရှေ့ဖုံးမှ

ထို့နောက် ခန်းမဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့အား မြန်မာ့ဂုဏ်ရည် ကျောက်မျက်ရတနာ ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းလုက ကျောက်မျက်လုပ်ကွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်သားများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းစေရေးနှင့် သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးရေး မှာကြားပြီး ထုတ်လုပ်ပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ကျောက်လုပ်ကွက်အတွင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဖက်စပ်ကျောက်မျက်လုပ်ငန်း လုပ်ကွက်အမှတ်(၅) လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အား တာဝန်ခံအရာရှိ ဗိုလ်မှူးဇကိုက ကျောက်မျက်ထုတ်လုပ်မှု၊ ကျောက်မျက်ထွက်ရှိမှုနှင့် လုပ်ကွက်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်သားများ အန္တရာယ်ကင်းရှင်းရေး အတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို အထောက်အကူပြုသည့်လုပ်ငန်းဖြစ်၍ စေတနာထားကာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးတို့သည် တောင်ပေါ်ဧည့်ရိပ်သာ၌ မိုင်းရှူးမြို့နယ် ဌာနဆိုင်ရာများ၊ ကျောက်မျက်ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံ မှာကြားသည်။

ထိုသို့တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြန်မာ့ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းဝယ်ရာ၌ လုပ်ငန်းရှင်များက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ခိုင်မာတိုးတက်အောင်မြင်ရေးကို တစ်ဖက်တစ်လမ်းက ပါဝင်အထောက်အကူပြုနေသည့်အားလျော်စွာ နိုင်ငံတော်က သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက်အောင်မြင်အောင် လက်တွဲညီညီ ကြိုးပမ်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးအစီအမံများ စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ဒေသခံလူငယ်များ ပညာရည်ဖွံ့ဖြိုးမှုလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဌာနဆိုင်ရာများက စေတနာထားကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေအေးချမ်းသာယာမှသာ ဒေသခံတိုင်းရင်းသားပြည်သူများ စီးပွားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားရေးဘဝလည်း ပိုမိုတိုးတက်မြင့်မား လာမည်ဖြစ်ရာ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက စေတနာထားပြီး ကြိုးပမ်းထမ်းဆောင်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ရှင်းလင်းမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၅၃၀၀ ရှိ မိုင်းရှူးရတနာမြေ လွိုင်ဆောင်ထောက်မှ မိုင်းရှူး-မိုင်းနောင် ကားလမ်းအတိုင်းထွက်ခွာလာကြပြီး မိုင်းရှူးမြို့နယ်မြေခံတပ်၌ မိုင်းရှူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဖြည့်ဆည်းပေးကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းရှူး-မိုင်းနောင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုင်းနောင်မြို့နယ်ရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်မြို့မိ မြို့ဖများအား တွေ့ဆုံမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မိုင်းနောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မိုးထွန်းက မိုင်းနောင်မြို့နယ်၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လေအားလျှပ်စစ်အတွက် လေရဟတ်ငါးစုံ လှူဒါန်းခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းနောင်ဒေသတွင် ဒေသဝမ်းစာ ဖူလုံပိုလျှံမှုရှိ၍ ဝမ်းမြောက်ပါကြောင်း ၊ ဆက်လက်၍ စိုက်ပျိုးရေးကဏ္ဍပို၍ တိုးတက်မြင့်မားလာအောင် အဓိက သီးနှံ ၁၀မျိုး ပန်းတိုင် ရည်မှန်းချက်ရအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုကြောင်း၊ ဒေသခံတိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားရေးကို ပညာရေးဌာနအပြင် ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့က စနစ်တကျ အစီအမံများချမှတ်ကာ မိဘပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်းမှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘက်စုံပညာရည်မြင့်မားလာသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုင်းနောင်မြို့နယ်ရုံး၌ မိုင်းနောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် အသစ်တည်ဆောက်ထားသော မိုင်းနောင်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ခံဆရာဝန် ဒေါက်တာ ငြိမ်းအေးထွန်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၂-၂-၂၀၀၇ (ကြာသပတေးနေ့)

#### နံနက်ပိုင်း

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

#### ညပိုင်း

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
**၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
**၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၅:၃၅** ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
**၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၃။ မိုးလေဝသသတင်း
**၆:၃၀** ၁၄။ လျှပ်တစ်ပြက်
**၆:၃၅** ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
**၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၁)**
**၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၂၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# လူကုန်ကူးခံရသူ မြန်မာအလုပ်သမားများအားလုံးသည် နေ့စဉ်အလုပ်ချိန် (၁၈)နာရီ (နားချိန်မရှိ)၊ နားရက်မရှိ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသော်လည်း ကယ်တင်ခြင်းခံရချိန်အထိ လုပ်အားခ လုံးဝမရရှိ

⇨ **ကျောဖုံးမှ**

ထို့အပြင် မြန်မာအလုပ်သမား ၁၃၀သည်လည်း လုပ်အားခ ခေါင်းပုံဖြတ်ခံရသဖြင့် လူကုန်ကူးခံရသူများအဖြစ် သတ်မှတ်နိုင်သော်လည်း ထိုင်းနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ မပြဋ္ဌာန်းရသေးခြင်းကြောင့် လက်ရှိကျင့်သုံးနေသော Children and Women Protection Act of Thailand ဥပဒေအရ အကာအကွယ်မပေးနိုင်သဖြင့် ၎င်းမြန်မာအလုပ်သမား ၁၃၀ကို ထိုင်းလူဝင်မှုကြီးကြပ်ရေးစခန်း(IDC)သို့ ပို့ဆောင်စစ်ဆေးပြီး စက်တင်ဘာလ နောက်ဆုံးပတ်တွင် မဲဆောက်မှတစ်ဆင့် နှင်ထုတ်ခဲ့ကြောင်းသိရှိရသည်။

ယင်းဖြစ်စဉ်ကို World Vision Thailand(WVT) မှ World Vision Myanmar(WVM) သို့ ဆက်သွယ်သတင်းပေးပို့ချက်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် World Vision Myanmar(WVM) တို့မှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာစုံစမ်းပြီး ရရှိသောသတင်းအချက်အလက်များအရ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၂ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့က ထိုင်းရဲတပ်ဖွဲ့၊ Childeren, Juvenile and Women Division (CWD) နှင့် ထိုင်းလူကုန်ကူးမှု အထူးရဲအဖွဲ့တို့နှင့် ဆက်သွယ်ပြီး သတင်းဆက်များ စုံစမ်းရယူခဲ့သည်။

ဆက်လက်၍ အာရှဒေသ လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံကိန်း (ARTIP) ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အချင်းချင်း ပူးတွဲစုံစမ်းစစ်ဆေးမှုပြုနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတာဝန် ထမ်းဆောင်နေသည့် ရဲအရာရှိ လေးဦးအဖွဲ့အား ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၁ရက်မှ ၂၄ရက်အထိ ထိုင်းနိုင်ငံ မှုခင်းဖြစ်ပွားရာဒေသသို့ သွားရောက်စစ်ဆေးရန် တာဝန်ပေးအပ်ခဲ့သည်။

၎င်းအဖွဲ့က လူကုန်ကူးခံရသူ မြန်မာအလုပ်သမားများကို တွေ့ဆုံမေးမြန်းပြီး ဖြစ်စဉ်ကို အသေးစိတ်လေ့လာခဲ့ရာ-

- **ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့က ကယ်တင် စောင့်ရှောက်ထားသည့် မြန်မာအလုပ်သမား ၆၆ ဦး တို့သည် မှုခင်းဖြစ်ပွားရာစက်ရုံတွင် (၆)လမှ (၇)နှစ်အထိ လုပ်အားခမရရှိဘဲ အမျိုးမျိုးသော လူမဆန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ ပြင်ပနှင့် မည်သည့်ဆက်သွယ်မှုမျှ မရစေရန် ရေလှောင်ကန်များ၊ မြေအောက်ခန်းများ၊ မျက်နှာကြက်များ၊ အကန့်ဖြင့် ကာရံထားသော နေရာများတွင် ပိတ်လှောင်ထိန်းချုပ်ဖုံးကွယ်မှုများခံခဲ့ရကြောင်း၊**
- **၎င်းတို့အားလုံးသည် နေ့စဉ်အလုပ်ချိန်(၁၈)နာရီ(နားချိန်မရှိ)၊ နားရက်မရှိ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသော်လည်း ကယ်တင်ခြင်းခံရချိန်အထိ လုပ်အားခ လုံးဝမရရှိကြောင်း၊**
- **ထိုင်းလူမျိုးစက်ရုံပိုင်ရှင်သည် မြန်မာနိုင်ငံမှ အလုပ်သမားရှာပေးသော ပွဲစားများနှင့် တိုက်ရိုက်ဆက်သွယ်၍ အလုပ်သမားတစ်ဦးလျှင် ဘတ် ၁၃၀၀၀ မှ ၁၈၀၀၀ အထိ ပေးဝယ်ပြီး မြန်မာအလုပ်သမားများကို အမျိုးမျိုးညှဉ်းပန်းနှိပ်စက် ခြောက်လှန့်ထိန်းချုပ်၍ မတရား လုပ်အားခေါင်းပုံဖြတ် လူကုန်ကူးနေသူဖြစ်ကြောင်းများကို ဖော်ထုတ်တွေ့ရှိရသည်။**

ဆက်လက်၍ ပြည်တွင်းမှ အလုပ်သမားစုဆောင်းပို့ဆောင်သူ ၁၂ ဦးကို ဖော်ထုတ်စစ်ဆေးခဲ့ရာ အဆိုပါခေါင်းပုံဖြတ် လူကုန်ကူးမှုကျူးလွန်သူများသည် မော်လမြိုင်နှင့်အနီးဝန်းကျင်တွင် ချမ်းသာကြွယ်ဝစွာ၊ ပိုင်ဆိုင်မှုများစွာဖြင့် နေထိုင်နေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် မှုခင်းဖြစ်ပွားသည့်စက်ရုံတွင် မြန်မာအလုပ်သမားများအား အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတန်တဆခိုင်းစေပြီး လုပ်အားခမပေးခြင်းကို ကိုယ်တိုင်တွေ့မြင်သိရှိပါလျက် မိမိနိုင်ငံသားများကို အယုံသွင်းလှည့်စားကာ ရက်ရက်စက်စက် ရောင်းစားခဲ့သူ လူကုန်ကူးသူများဖြစ်ကြောင်း၊ ထို့အပြင်၎င်းတို့၏ ဆွေမျိုးသားချင်းကိုပင် အဆိုပါစက်ရုံတွင် ကြီးကြပ်သူအဖြစ် ခန့်ထားစေပြီး စက်ရုံပိုင်ရှင် ထိုင်းလူမျိုး၊ လက်နက်ကိုင်လူယုံလူမိုက် ထိုင်းအစောင့်ရှစ်ဦးတို့နှင့် ပူးပေါင်းကာ မြန်မာအလုပ်သမားများအား မတရားထိန်းချုပ်နှိပ်စက်နိုင်ရန် အားပေးကူညီသည့်ပြစ်မှုများ ကျူးလွန်နေကြကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါလူကုန်ကူးမှု ကျူးလွန်သူ တရားခံသုံးဦးကို ဖမ်းဆီးရမိပြီး ၎င်းတို့ လူကုန်ကူးရာမှ ရရှိသည့်ငွေများဖြင့် ဝယ်ယူထားကြောင်း သံသယရှိသည့် မော်တော်ယာဉ်နှစ်စီးနှင့် မော်လမြိုင်မြို့ပေါ်ရှိ အခိုင်အမာအိမ်လေးလုံးတို့ကို သက်ဆိုင်ရာက ဥပဒေနှင့်အညီ ထိန်းချုပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါလူကုန်ကူးမှုခံထားရသူ မိမိနိုင်ငံသားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် ဥပဒေနှင့်အညီ တရားမျှတမှုများ ရရှိခံစားနိုင်ရေးအတွက်-

- **အမျိုးသမီးအလုပ်သမ ၆၃ ဦးအနက်မှ ကိုယ်ဝန်ဆောင် အမျိုးသမီးနှစ်ဦးကို ဆောလျင်စွာ လွှဲပြောင်းပေးရေး၊**
- **ထိုင်းရဲတပ်ဖွဲ့က အမှုကို မြန်ဆန်စွာ စစ်ဆေးတည်ဆောက်ပြီး Labour Court နှင့် Criminal Court တို့ကလည်း မှန်ကန်မြန်ဆန်စွာ စစ်ဆေးပေးရေး၊ပြီးစီးပါက မြန်မာအလုပ်သမားများကို တရားဝင် လွှဲပြောင်းပေးရေး၊**
- **အမှုစစ်ဆေးစဉ်ကာလအတွင်း မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံရှိ မိဘဆွေမျိုးများနှင့် ဖုန်း/စာ ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးရေး၊**
- **မိမိအလုပ်သမားများဆုံးရှုံးခဲ့သည့် လုပ်အားခများ ပြန်လည်ရရှိရေး၊ နစ်နာမှု လျော်ကြေးရရှိစေရေးနှင့်ပြစ်မှုကျူးလွန်သူ ထိုင်းနိုင်ငံသားများကို ထိရောက်သောပြစ်ဒဏ်ချမှတ်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။**

ထို့အတူ လူကုန်ကူးခံရသူ မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံအရာရှိများကလည်း မကြာခဏသွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းကူညီ အားပေးလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သက်ဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးခံရသူများ၏ မိဘဆွေမျိုးများထံ သွားရောက်တွေ့ဆုံ၍ လူကုန်ကူးခံရသူများ ရေးသားပေးပို့လိုက်သည့် ကိုယ်ရေးစာများပေးအပ်ခြင်း၊ နှစ်သိမ့်အားပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လူကုန်ကူးခံရမှုဖြစ်စဉ်များ ထပ်မံမပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များက နယ်စပ်နှင့်ကျေးလက်ဒေသများအထိ ကွင်းဆင်းလှည့်လည်ပြီး လူမှောင်ခို လူကုန်ကူးမှုမခံရရေးအတွက်လည်းကောင်း၊ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းနေမှု အခြေအနေများကိုလည်းကောင်း ပညာပေးဆွေးနွေးဟောပြော အသိပေးလျက်ရှိကြောင်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုပါကလည်း ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက်ပေးထားသည့် တရားဝင်လုပ်ထုံး လုပ်နည်းများအတိုင်း နည်းလမ်းတကျ၊ စနစ်တကျ လုပ်ဆောင်သင့်ပုံများကို ရှင်းလင်းဆွေးနွေး တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သတင်းရှိသည်။

(သတင်းစဉ်)

**ပြည်တွင်းမှ အလုပ်သမားစုဆောင်းပို့ဆောင်သူ ၁၂ ဦးကို ဖော်ထုတ်စစ်ဆေးခဲ့ရာ အဆိုပါ ခေါင်းပုံဖြတ် လူကုန်ကူးမှု ကျူးလွန်သူများသည် မော်လမြိုင်နှင့်အနီးဝန်းကျင်တွင် ချမ်းသာကြွယ်ဝစွာ၊ ပိုင်ဆိုင်မှုများစွာဖြင့် နေထိုင်နေကြသူများဖြစ်၊ ၎င်းတို့သည် မှုခင်းဖြစ်ပွားသည့်စက်ရုံတွင် မြန်မာအလုပ်သမားများအား အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတန်တဆခိုင်းစေပြီး လုပ်အားခမပေးခြင်းကို ကိုယ်တိုင်တွေ့မြင်သိရှိပါလျက် မိမိနိုင်ငံသားများကို အယုံသွင်းလှည့်စားကာ ရက်ရက်စက်စက် ရောင်းစားခဲ့သူ လူကုန်ကူးသူများဖြစ်။**




**ထိုင်းနိုင်ငံ Human Trafficking Multi-disciplinaryအဖွဲ့ဝင်များ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ အကန့်ဖြင့်ကာရံထားသည့်နေရာမှ မြန်မာအလုပ်သမားများအား ကယ်တင်ကြစဉ်။** (သတင်းစဉ်)



**ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့ဝင်များ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ မြန်မာအလုပ်သမားများအား သိုဝှက်ထားသည့် မျက်နှာကြက်အတွင်းသို့ဝင်ရောက်ရှာဖွေကြစဉ်။** (သတင်းစဉ်)



**ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့ဝင်များ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ မြန်မာအလုပ်သမားများအား သိုဝှက်ထားသည့် မြေအောက်ခန်းကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

### ☆ မြန်မာနိုင်ငံမှ

- ကိန်းဂဏန်းအရကြည့်ပါက စိုက်ပျိုးရေးကဏ္ဍတွင် ဆည်တမံ ၁၉၀ကျော် အသစ်တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်း ၂၉၈ ခု အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။
- ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကိုလည်း ဖြည့်စွက်တည်ဆောက်ပေးခဲ့ပြီး မြေအောက်ရေလျှံတွင်းများနှင့် အငယ်စားချောင်းပိတ် မြောင်းပိတ်လုပ်ငန်းမကျန် ကွက်ပြည့်ဆောင်ရွက်ပေးခဲ့သည်။
- ထို့ကြောင့် ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အသားတင်စိုက်ပျိုးမြေဧက ၁၉ သန်း ၉သိန်းမှ ၂၉သန်း၃သိန်းအထိ တိုးတက်လာခဲ့သည်။
- တစ်နှစ်တာကာလ စိုက်ပျိုးနိုင်မှုမှာလည်း ဧက ၂၃ သန်း ၈ သိန်းမှ ၄၆ သန်း ၉ သိန်းသို့ တိုးတက်ပြောင်းလဲလာခဲ့သည်။
- မိုးစပါးစိုက်ဧကသည် ယခင်က ၁၁ သန်းသာရှိရာမှ ယခုအခါ ဧက ၁၆ သန်း ၈ သိန်းအထိ ရှိလာခဲ့သည်။
- ယခင်က နွေစပါးမစိုက်ပျိုးနိုင်ခဲ့သော်လည်း စိုက်ပျိုးရေရရှိရေးစီမံကိန်းများ၏ အကျိုးပြုမှုကြောင့် နွေစပါး သုံးသန်း လေးသိန်းနှင့် အခြားသီးထပ်သီးနှံများကိုလည်း စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်သည်။
- သီးနှံစိုက်စွမ်းအား ၁၅၇ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ပဲမျိုးစုံစိုက်ဧက ၁၁ ဆ၊ ဆီထွက်သီးနှံစိုက်ဧက သုံးဆ၊ စားဖိုဆောင်သီးနှံစိုက်ဧက လေးဆအထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့သည်။
- စက်မှုလက်မှုကဏ္ဍတွင် စက်ရုံအလုပ်ရုံသစ်များ တည်ဆောက်ခြင်း၊ လက်ရှိစက်ရုံများ တိုးချဲ့မွမ်းမံခြင်း၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဇုန်များ တည်ဆောက်ခြင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများကို စုစုစည်းစည်းဖြင့် အားဖြည့်ပျိုးထောင်နိုင်ရန် စက်မှုဇုန် ၁၈ခုကို ထူထောင်ပေးခြင်း၊ စက်ရုံအလုပ်ရုံ ၆၆၁၀ အပါအဝင် စက်ရုံအလုပ်ရုံ အလုပ်ဌာနပေါင်း ၄၂၀၀၀ကျော် ရှိလာခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်လျက် ရှိခြင်း စသည်ဖြင့် တိုးချဲ့ဖော်ဆောင်ပေးလျက်ရှိသည်။
- အလားတူ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် မြို့ပြကဏ္ဍ စသည်များတွင်လည်း ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာ တိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိသည်။
- ထို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်းများလည်း လိုက်ပါတိုးတက်မြင့်မားလာပြီး လူ့စွမ်းအား အရင်းအမြစ်၏ နည်းပညာကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်အဆင့်အတန်းလည်း မြင့်မားလာခဲ့သည်။
- **၂၀၀၅-၂၀၀၆ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၄ ဒသမ ၇သန်းကျော်ရှိသည်။**
- **၎င်းအနက် လယ်ယာအလုပ်သမား ၂၂ ဒသမ ၃ သန်းကျော်၊ စက်မှုအလုပ်သမား ၄ ဒသမ ၈ သန်း ကျော်၊ ဝန်ဆောင်မှုအလုပ်သမား ၇ ဒသမ ၅ သန်းကျော်ရှိကြောင်း တွေ့ရှိရသည်။**
- **အဆိုပါကိန်းဂဏန်းများအရ ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပြည်တွင်းအလုပ်အကိုင်အနေဖြင့် လယ်ယာကဏ္ဍတွင် အလုပ်သမားနှစ်ဆကျော်၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲကျော်၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ဆနီးပါးတိုးတက်ခဲ့ပြီး စုစုပေါင်းအနေဖြင့် ၁၉၈၈-၈၉ခုနှစ်ထက် အလုပ်အကိုင်အခွင့်အလမ်း နှစ်ဆကျော် ဖွံ့ဖြိုးတိုးတက်ရရှိလာသည်ကို တွေ့ရှိနိုင်သည်။**
- **ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက်လည်း ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီ၇၀ကို အကျိုးဆောင်လိုင်စင်များချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း ၃၀၀၀၀ကျော် ရှာဖွေပေးခဲ့ပြီးဖြစ်သည်။**
- ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများကိုလည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းများကို ၆-၁၁-၂၀၀၆ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။
- နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ချက်အရ အလုပ်သမားသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန်အကျသက်သာစွာ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

### ✪ လူမှောင်ခိုမှ

- ၁၉၉၇ခုနှစ်တွင် ကြိုတင်ကာကွယ်ရေး၊ အရေးယူရေး၊ အကာအကွယ်ပေးရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် National Plan of Action ပြဋ္ဌာန်းခဲ့သည်။
- ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်သူများ ဘေးမသီရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရန်အတွက် ပြန်လည်လက်ခံရေးစခန်းကို ၁၈-၂-၂၀၀၂ရက်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့၌ ဖွင့်လှစ်ခဲ့သည်။
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ရက်နေ့တွင် ဖွဲ့စည်းပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ လူကုန်ကူးမှုမခံရရေးအတွက် ရည်ရွယ်ချက်တစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။
- အဆိုပါ မြဝတီပြန်လည်လက်ခံရေးစခန်းတွင် အစိုးရဌာန ခြောက်ခုမှ ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျလက်ခံလျက်ရှိရာ ၁၀-၂-၂၀၀၇ရက်နေ့အထိ ၂၁၃၂၅ ဦး လက်ခံပြီး ဇာတိဌာနေများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။
- **လူကုန်ကူးမှုတားဆီးကာကွယ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ အမှုပေါင်း ၈၆၈ မှု ဖော်ထုတ်ပြီး တရားခံ ၁၇၆၄ ဦးကို အရေးယူနိုင်ခဲ့သည်။**
- **တရားရုံးစစ်ဆေးပြီးသည့်အမှုများမှ တရားခံ ၆၂၄ ဦးအနက် တစ်သက်တစ်ကျွန်းဒဏ် ခုနစ်ဦး၊ ထောင်ဒဏ် ၁၀နှစ်အောက် ၁၀၄ဦး၊ ထောင်ဒဏ် ငါးနှစ်မှ ၁၀နှစ်အထိ ၃၅၃ဦး၊ ထောင်ဒဏ် ငါးနှစ်အောက် ၁၆၀ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။**
- **၂၀၀၄ခုနှစ် မတ်လ ၃၀ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။**
- **နိုင်ငံတော်က ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။**
- ယင်းဥပဒေအရ လူကုန်ကူးမှုကို ကြီးလေးသောပြစ်မှုအဖြစ်သတ်မှတ်ပြီး အမြင့်ဆုံး သေဒဏ်အထိ ချမှတ်နိုင်သည်။
- ထို့အပြင် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး၊ အကူအညီပေးရေး၊ နစ်နာမှုလျော်ကြေး ရရှိရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကိုပါ ပြဋ္ဌာန်းပေးခဲ့သည်။
- ၎င်းဥပဒေနှင့်ဆက်စပ်သည့် ဥပဒေများဖြစ်သော တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများ ထိန်းချုပ်ရေးဥပဒေကို ၂၀၀၂ ခုနှစ်ကလည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။
- လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် လူကုန်ကူးမှုနှင့်ဆက်နွှယ်နေသော အပြည်ပြည်ဆိုင်ရာစာချုပ်ကိုးခုတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။
- ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးက အတည်ပြုထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက်(၈)ချက်ကို လိုက်နာကျင့်သုံးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။
- ဩစတြေးလျနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ ပါဝင်သည့် စီမံကိန်းဝင်လေးနိုင်ငံတွင် Anti-Trafficking Unit များ ထူထောင်၍ စွမ်းရည်မြှင့်တင်ပေးခြင်း၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။
- ၂၀၀၄ ခုနှစ် ဇွန်လမှစပြီး ရဲအရာရှိ ၄၀ ဖြင့် Anti-Trafficking Unit များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။
- **ဆက်လက်၍ အာရှဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း(Asia Regional Trafficking Persons Project-ARTPP) အမည်သစ်ဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၅ နှစ်စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။**
- **မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ၂၉-၁၀-၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများတက်ရောက်၍ MoU ကို လက်မှတ်ရေးထိုးခဲ့ကြသည်။**
- **၂၀၀၅ ခုနှစ် မတ်လတွင် Regional Plan of Action ရေးဆွဲချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။**
- မြန်မာ-တရုတ် နယ်စပ်မှုခင်းများ တိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသအေးချမ်းသာယာမှုတည်ဆောက်ရေး သဘောတူစာချုပ်ကို ၁၅-၁-၂၀၀၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

## ဖြူးဆရာတော်နှင့် မြိုင်ဆရာတော် တရားပွဲများ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်း ကလေးမြို့ ရွှေကျောင်းတော် မဟာစည်ရိပ်သာဓမ္မသဘင်၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ) အရှင်သူမြတ်၊ ၂၃ရက်တွင် ဖြူးဆရာတော်တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတဓမ္မာစရိယ (နယ်လှည့်ဓမ္မကထိက)တို့က ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)






## တစ်ခါတုန်းကစစ်တက္ကသိုလ်စာအုပ် အတွဲလေးတွဲ ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

စာရေးဆရာတက္ကသိုလ်မောင်သန့်ဇင်ရေးသားသည့် တစ်ခါတုန်းကစစ်တက္ကသိုလ်စာအုပ်အတွဲ(၁)၊အတွဲ(၂)၊အတွဲ(၃)နှင့်အတွဲ(၄)စာအုပ်များကို မြတ်နိုးအိမ်စာပေကထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံများ)**

အဆိုပါစာအုပ်များတွင် စစ်တက္ကသိုလ်၌ ဗိုလ်လောင်းဘဝဖြင့် စစ်သင်တန်း တက်ခဲ့ရသည့် အတွေ့အကြုံများ၊ စစ်တက္ကသိုလ်သို့ရောက်ရှိလာပြီး မိသားစုရင်ခွင်တွင် ကြီးပြင်းရခြင်းမရှိဘဲ စစ်တက္ကသိုလ်၏ရင်ခွင်တွင် ကြီးပြင်းခဲ့ရသည့် အတွေ့အကြုံများ၊ စစ်ပညာသာမက စာပေပညာနှင့် စစ်စည်းကမ်းတို့ကိုသင်ကြားဆည်းပူးခဲ့ရသည့် အတွေ့အကြုံများကို စာရေးသူက ဇာတ်ကောင်များ၏အားပြိုင်မှုတို့ဖြင့် ပေါင်းစပ်ပြီး ကလောင်စွမ်းပြထားသည်ကို စာဖတ်သူများ ဖတ်ရှုနိုင်ရန် ဝတ္ထုအတွဲလေးတွဲဖြင့် ခရေစေ့တွင်းကျ စေ့စေ့စပ်စပ် ရေးသားခြယ်မှုန်းထားသည်။

အဆိုပါစာအုပ်အတွဲလေးတွဲကို ဦးသန့်ဇင် မြတ်နိုးအိမ်စာပေ ဖုန်း-၂၉၄၅၉၃၊ အမှတ်(၁၂၇)၊ (၄၆)လမ်း၊ (၇)လွှာ၊ဗိုလ်တထောင်မြို့နယ်ရန်ကုန်မြို့က ထုတ်ဝေပြီး ရန်မျိုးအောင်စာပေ အမှတ် (၂၁၉/ခ)၊ ဒုတိယထပ် (၃၆)လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

(သတင်းစဉ်)

## မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ မိတ္ထီလာ-ပျဉ်းမနားခရီးစဉ် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့က ကူညီပံ့ပိုးသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ နဝမနေ့ပွဲစဉ်ဖြစ်သော မိတ္ထီလာ-ပျဉ်းမနားခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်တွင် မိတ္ထီလာမြို့ ရွှေမြင်တင်စေတီရှေ့၌ကျင်းပရာ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမျိုးရှိန်က သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကိုတာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီး အားကစားသမားများသည် မိတ္ထီလာမြို့မှ ယင်းတော်-ပျော်ဘွယ်- ရမည်းသင်း-တပ်ကုန်းမြို့များကို ဖြတ်သန်းစီးနင်းပြီး ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစား ပြိုင်ကွင်းရှေ့သို့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ မိတ္ထီလာ- ပျဉ်းမနား ခရီးစဉ်သည် ၉၄ မိုင်ကွာဝေးသည်။

မိတ္ထီလာ-ပျဉ်းမနားခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားပြိုင်ကွင်းရိပ်သာရှေ့၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တတိယရရှိသော ရန်မျိုးအောင် (ရန်ကုန်တိုင်း) အားငွေကျပ်တစ်သောင်း၊ ဒုတိယရရှိသောကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်) အား ငွေကျပ်နှစ်သောင်း၊ ပထမရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ခရိုင်ဆရာဝန်ကြီး ဒေါက်တာအေးကိုကို၊ ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသစ်လွင်နှင့် တာဝန်ရှိသူတို့က ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများအား ဆုများထပ်ဆင့်ချီးမြှင့်ကြသည်။

ဒသမနေ့ပွဲစဉ်ဖြစ်သော ပျဉ်းမနား-တောင်ငူခရီးစဉ်ကို ဖေဖော်ဝါရီ ၂၂ရက် နံနက်တွင် ပေါင်းလောင်း အားကစားပြိုင်ကွင်းရှေ့မှ စတင်တာလွှတ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဥက္ကဋ္ဌဖလား ငါးခရိုင်အမျိုးသမီးဘောလုံးပြိုင်ပွဲ မအူပင်ခရိုင်အသင်း ဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ငါးခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ကျင်းပရာ မအူပင်ခရိုင်အသင်းက ပုသိမ်ခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပထမရရှိသည့် မအူပင်ခရိုင်အသင်းအား ဧရာဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်သည်။ (ကြေးမုံ)

# မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်းက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကို အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

**ကမ္ဘောဇအသင်း နှစ်ဂိုး**
(နေဇော်ထက်နှင့် ကျော်သီဟ)

**ဘဏ္ဍာ/အခွန်အသင်း တစ်ဂိုး**
(အောင်ကျော်မိုး)

**ဒိုင်လူကြီး ဦးလုတင့်**

ဒုတိယနေရာတွင် ရောက်ရှိနေသော ကမ္ဘောဇအသင်းမှာ ထိပ်ဆုံးမှ ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ယူနိုင်ခဲ့သဖြင့် ဘဏ္ဍာ/အခွန်အသင်းနှင့် နှစ်မှတ်သာ ကွာခြားတော့သည်။

တိုက်စစ်မှူး ထွန်းမင်းဦးမှလွဲ၍ ဟန်ဝင်းအောင်၊ အေးစန်း၊ ကျော်သီဟ တို့ဖြင့် လူစုံတက်စုံ ပါဝင်လာသော ကမ္ဘောဇအသင်းမှာ အနိုင်ရရှိရေး အတွက် ပွဲစကတည်းက ကစားအား မြှင့်တင်ခဲ့ရာ နာမည်ကြီးဘဏ္ဍာ/ အခွန်အသင်း ကစားကွက် တည်မရခဲ့သောကြောင့် အရေးနိမ့်သွားခြင်းဖြစ်သည်။

အမာခံကစားသမားများဖြစ်ကြသည့် စိုးမြတ်မင်း၊ရန်ပိုင်၊အောင်အောင်ဦး(ဂိုး) နှင့် ဟိန်းဇေယျာကျော်(ဂိုး)တို့မပါဝင်သော ဘဏ္ဍာ/အခွန်အသင်းမှာ အနည်းငယ် အားပျော့နေခဲ့ပြီး ဒုတိယပိုင်း မိနစ် ၂၀ ကျော်တွင် ဝါရင့်တိုက်စစ်မှူး မျိုးလှိုင်ဝင်း ဝင်ကစားသော်လည်း ကမ္ဘောဇအသင်းကို အနိုင်မယူနိုင်ခဲ့သဖြင့် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းရန်မရေမရာဖြစ်သွားပြီး လက်ကျန်နှစ်ပွဲကိုအနိုင်ကစားရတော့မည်ဖြစ်သည်။



**ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ဇော်ထိုက်နှင့်ကမ္ဘောဇနောက်ခံလူ ဉာဏ်လွင်တို့ ခေါင်းချင်းယှဉ်တိုက်စဉ်။** ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

တိုက်စစ်အား မြှင့်တင်လာသော ကမ္ဘောဇအသင်းမှာ ပွဲစကတည်းက ဘဏ္ဍာ/အခွန် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်နိုင်ခဲ့သည်။ အတက်အဆင်း မှန်မှန်ဖြင့် ကြိုးစားကစားသော ကမ္ဘောဇအသင်း၏ ကစားပုံကြောင့် ဘဏ္ဍာ/အခွန်အသင်းထင်သလောက် ခြေစွမ်းပြ ကစားနိုင်ခြင်း မရှိပေ။ ကမ္ဘောဇအသင်း အတွက် ပထမဂိုးကို ၁၈မိနစ်တွင် နေဇော်ထက်က ဘဏ္ဍာ/အခွန်ကို ပယ်နယ်တီစည်းနားတွင် ရရှိသော ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းသွားခြင်းဖြစ်ပြီး ထိုဂိုးဖြင့်ပင် ပထမပိုင်းပြီးသည်အထိ ဦးဆောင်နေခဲ့သည်။

### ဒုတိယဂိုး

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်းက အနိုင်ကိုထိန်းရန် ခံစစ်ကိုလုံအောင် ကစားခဲ့ပြီး ကျွံဘောမှသာ ဂိုးရရေး ကြိုးစားကစားခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ဝါရင့်ကစားသမား မျိုးလှိုင်ဝင်း အပါအဝင် လူစားလဲမှုများ ပြုလုပ်ပြီး ကစားအားမြှင့်တင်လာသည်။ ဂိုးရရှိရေးအတွက် နောက်ခံလူများပါ တိုက်စစ်လိုက်ပါကစားရာ ဘဏ္ဍာ/အခွန်နောက်တန်းမှာပေါက်ထွက်နေခဲ့သည်။

ယင်းအခွင့်အရေးကို တိုက်စစ်မှူး ကျော်သီဟက ၂၂ မိနစ်တွင် အသုံးချပြီး ကမ္ဘောဇအတွက် ဒုတိယဂိုးသွင်းယူသွားသည်။

ဂိုးထပ်မံပေးလိုက်ရ၍ ဘဏ္ဍာ/အခွန်အသင်းမှာ တိုက်စစ်အား ပိုမိုမြှင့်တင်လာရာ ၂၅ မိနစ်တွင် အောင်ကျော်မိုးက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်သော်လည်း ပွဲအပြီးထိနောက်တစ်ဂိုးရအောင် မစွမ်းဆောင်နိုင်၍ အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

### အနိုင်ကစားရန်လို

ယနေ့ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၂၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ကမ္ဘောဇအသင်းက နှစ်မှတ်လျော့ဖြင့် ဒုတိယမှ လိုက်နေသည်။ ဘဏ္ဍာ/အခွန်အသင်းက ၁၁ပွဲကစား ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၃၄ ဂိုးသွင်း၊ ကိုးဂိုးပေး၊ ၂၈မှတ် ရရှိထားပြီး ကမ္ဘောဇအသင်းက ၁၁ ပွဲကစား ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ၂၅ ဂိုးသွင်း၊ ၁၅ ဂိုးပေး၊ ၂၆မှတ် ရရှိထားသည်။ ဘဏ္ဍာ/အခွန်အသင်းမှ ပို့ဆောင်ရေး၊စီးပွား/ကူးသန်းတို့နှင့် ကစားရန် ကျန်သေးပြီး ချန်ပီယံဘွဲ့ ထိန်းနိုင်ရန် လက်ကျန်နှစ်ပွဲမှာ အရေးပါလာမည်ဖြစ်သည်။ ၁၀ပွဲကစား၊ ၂၀ မှတ်ဖြင့် တတိယနေရာရောက်ရှိနေသော စီးပွား/ကူးသန်းထက် ခြောက်မှတ် အသာရနေသည့် ကမ္ဘောဇအသင်းမှာ လက်ကျန်နှစ်ပွဲဖြစ်သည့် ကာကွယ်ရေးနှင့် ပြည်ထဲရေးတို့ကို အနိုင်ကစားရန်လိုသည်။ (ကြေးမုံ)

# ကုန်သည်/ စက်မှုအသင်းချုပ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဖလား နွေဦးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂ ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ အကြီးတန်း၊ အငယ်တန်း ခွဲခြား၍ ကျင်းပမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝန်ထမ်းများနှင့် အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅ နှင့် ၂၁၄၃၄၆ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

# ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ ( Grand Royal Special Reserve Third Qualify Round) ကို မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းတတိယ လက်ရည်စစ်ပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက် ဂေါက်သီးရိုက်အားကစားသမား လေးဦးကို ရွေးချယ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူး ဥပဒေသနှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေး ပြိုင်ပွဲ SYSTEM (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-Sponsors အဖြစ် Air Mandalay, Hotel Nikko, Srixon, ALPINE Purified Drinking Water တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management ) က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း-၀၅၇-၂၁၈၃၁ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(၉)မိုင်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ချန်ပီယံလိဂ်ဘောလုံးပွဲသတင်းများ

# တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် မန်ယူက လီလီအသင်းကိုနိုင်

ပါရီ ဖေဖော်ဝါရီ ၂၁

ချန်ပီယံလိဂ်ပွဲအဖြစ် ပြင်သစ်မှ လီလီအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယမန်နေ့ညက ယှဉ်ပြိုင်ကစားကြရာ ကစားချိန် ၈၃မိနစ်တွင် မန်ယူတိုက်စစ်မှူးရိုင်ယန်ဂစ်ဂ် ကန်သွင်းသည့် ပြစ်ဒဏ်ဘောမှ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် မန်ယူအသင်း အောင်ပွဲခံသွားသည်။

ပွဲရှိန်မြင့်ချိန်၌ မန်ယူအသင်းရရှိသွားသည့် ဂိုးအတွက် အငြင်းပွားကြရာ လီလီအသင်း ကစားသမားများ အဆုံးအဖြတ်ကို ကန့်ကွက်သည့်အနေဖြင့် ဘောကွင်းအတွင်းမှ ထွက်သွားလုနီးပါး ဖြစ်ခဲ့ရသည်။

ပွဲကစားချိန် ၆၁ မိနစ်တွင် လီလီအသင်းမှ ပီတာအိုဒမ်ဝင်ဂီက ခေါင်းတိုက်သွင်းခဲ့သဖြင့် ဂိုးဝင်သွားသော်လည်း ဒိုင်က ဂိုးမပေးသဖြင့် ဒိုင်နှင့် အချေအတင် စကားများခဲ့ကြသေးသည်။

ယနေ့ပွဲတွင် မန်ယူအသင်းဘက်မှ ဂိုးသမားဗန်ဒါဆာနှင့် ဝိန်းရူနီတို့ ပြန်လည်ကစားနိုင်သဖြင့် အသင်းအင်အား တောင့်တင်းလာသည်။

ပွဲကစားချိန်အတွင်း အားပေးသူပရိသတ်များ ရတ်ရတ်သဲသဲဖြစ်လာသဖြင့် ပြင်သစ်လုံခြုံရေးရဲများက မျက်ရည်ယိုဗုံးသုံး၍ ဖြေရှင်းခဲ့ရသည်။ သို့ရာတွင် အခြေအနေကို ထိန်းသိမ်းလိုက်နိုင်သဖြင့် ပြိုင်ပွဲကို ဆက်လက်ကျင်းပနိုင်ခဲ့သည်။

ပွဲပြီးခါနီး ၁၀ မိနစ်ခန့်အလိုတွင် မန်ယူအသင်းမှ ပြစ်ဒဏ်ဘောကန်ခွင့်ရသွားရာ ဂိုးတိုင်နှင့် ကိုက် ၂၀အကွာမှ ဂစ်ဂ်ကန်သွင်းလိုက်သဖြင့် မန်ယူအသင်း အနိုင်ရသွားခြင်းဖြစ်သည်။



**မန်ချက်စတာယူနိုက်တက်အသင်းမှ ဝိန်းရူနီ လီလီအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

### ဆဲလ်တစ် နှင့် အေစီမီလန်သရေ

ဆဲလ်တစ်အသင်းသည် ချန်ပီယံလိဂ်ပွဲတွင် ကွာတားအဆင့်သို့တက်လှမ်းရန် မျှော်မှန်းထားသော်လည်း ယမန်နေ့ကပွဲတွင် အေစီမီလန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သဖြင့် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်ခဲ့ရသည်။

### ရီးယဲလ်မဒရစ်က ဘေယန်မြူးနစ်ကို နိုင်

ရီးယဲလ်မဒရစ်နှင့် ဘေယန်မြူးနစ်တို့ပွဲတွင် ရီးယဲလ်မဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ရီးယဲလ်အသင်းခေါင်းဆောင် ရာအူးနှစ်ဂိုးသွင်းခဲ့သည်။

### ပီအက်စ်ဗွီက အာဆင်နယ်ကို နိုင်

ပီအက်စ်ဗွီအင်ဟိုဗန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားသောပွဲတွင် ပီအက်စ်ဗွီအသင်း အက်ဒီဆင်မင်ဒက်ဇ်သွင်းသော တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။ **အင်တာနက်**



**ဆဲလ်တစ်အသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

## ယက္ကန်းစင်တောင် ရန်အောင်စေတီတော် ရွှေလရောင်စေတီ ထုံးသက်န်းကပ်လှူပူဇော်ပွဲ

၁၃၃၃ခုနှစ်မှစတင်၍ နှစ်စဉ်မပြတ် တောင်သုံးလုံး ဇေတဝန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လမဟာထေရ်ဦးစီး၍ ကပ်လှူခဲ့သော သမိုင်းဝင်ယက္ကန်းစင်တောင် ရန်အောင်စေတီတော်၊ ရွှေလရောင်စေတီတော်နှင့် ဘုရားစေတီတော်အားလုံးတို့အား ထုံးသက်န်းကပ်လှူပူဇော်ပွဲသို့ လိုက်ပါလိုသော ပါရမီရှင်များသည် (၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၉ရက်) ဖေဖော်ဝါရီ ၂၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် တောင်သုံးလုံးကျောင်းမှ ထွက်ခွာမည်ဖြစ်ပါ၍ တောင်သုံးလုံးဇေတဝန် ပရိယတ္တိစာသင်တိုက် သာဝတ္ထိမြို့ ရသေ့တောင်ရပ်သို့ လာရောက်ကြရန် နိုးဆော်ထားကြောင်း သိရသည်။

## ဆွမ်းဆန်တော်လှူဒါန်းမှုနှင့် အကြိုအထူးတရားပွဲ

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏အကြိမ် (၂၃၀) မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု အကြိုတရားပွဲများကို ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၁ ရက်ထိ သုံးညတိုင် တိပိဋကပါဠိပါဠိရဂူ ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာအကျော်၊ ဝိနယပါဠိပါဠိရဂူ အဘိဓမ္မပါဠိပါဠိရဂူ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက (သ-စ-အ) ပါဠိပါဠိရဂူမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) တို့က ကြည့်မြင်တိုင်မြို့နယ် ဆန်လှူအသင်းတိုက်ကြီး၏ ဓမ္မသဘင်မဏ္ဍပ်၌ ညစဉ်တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆွမ်းဆန်တော်အလှူ ရေစက်ချအခမ်းအနားကို တပေါင်းလပြည့် မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကျုတ် တန်ဆောင်း၌ သြဝါဒါစရိယ ဆရာတော်ကြီးအားပင့်ဖိတ်၍ ဆွမ်းဆန်တော်တင်းပေါင်း ၅၀၀၀ ကျော်ကို ကျောင်းတိုက်ပေါင်း ၂၀၂ တိုက်တို့မှ သံဃာတော်အပါး ၂၂၀၀၀ ကျော်တို့အား လှူဒါန်း၍ အသင်းသား၊ အသင်းသူများနှင့် စေတနာရှင်အပေါင်းတို့က နုမောဒနာ ရေစက်ချအမျှပေးဝေကြမည် ဖြစ်သည်။

## ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲ ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုင်းဖြတ်အပေါ်ရွာနှင့် အောက်ရွာကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်လတ်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် ကျေးရွာအဖွဲ့ဝင် ဦးညားရယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## On-line Booking Service သရုပ်ပြရှင်းလင်းပွဲအခမ်းအနားကျင်းပ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ e-Governmentဆိုင်ရာ ဆောင်ရွက်ချက်များနှင့် On-line Booking Service သရုပ်ပြရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(ကြေးမုံ)




**ဖေဖော်ဝါရီ ၁၈ရက်က ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁) (အလက-ခွဲ)၌ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ မြို့နယ် စာပေထူးချွန်ဆုရရှိသူ မယမင်းသူအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်း ဆုချီးမြှင့်စဉ်။**

(ပညာရေး)





**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းသွယ် အရှေ့ဘက်ခြမ်းတွင် ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာ အမြန်ဆုံးပြီးစီးရေး ဆွေးနွေးမှာကြားစဉ်။**

(၁၉)

## ဒဂုံမြို့သစ်မြို့နယ်များ သောက်သုံးရေဖူလုံစွာရရှိရေး ကွန်ကရစ်ရေပိုက်လိုင်း သွယ်ယူမှုလုပ်ငန်း မြို့တော်ဝန် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်များ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ယဉ်ကျေးမှုတက္ကသိုလ်အနီး ပြည်ထောင်စုလမ်းသွယ် အရှေ့ဘက်ခြမ်းလမ်းဘေး၌ စက်ယန္တရား၊ လူအားတို့ဖြင့် အချင်း ၂၄ လက်မရှိ ကွန်ကရစ်ရေပိုက်လိုင်းများ သွယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ ကော်မတီဝင် ဦးကျော်စိုးနှင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ ရေပိုက်ဆက်သွယ်ရေးတာဝန်ခံ အင်ဂျင်နီယာဌာနခွဲမှူး ဦးလှထွန်းတို့က လိုက်လံရှင်းလင်းပြသကြပြီး မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ခေမာသီလမ်းဆုံရှိ ငမိုးရိပ်ရေပိုက်လိုင်းမှ ရေသွယ်ယူရရှိရန် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့ကို ဖြတ်သန်း၍ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းသွယ်အထိ အချင်း ၂၄ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ရေပိုက်လိုင်းများ သွယ်ယူပြီးစီးမှုများနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့သို့ ဆက်လက်သွယ်ယူဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

၂၄ လက်မ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ဆက်သွယ်ရမည့် အရှည်သည် ၇ ဒသမ ၂၁ မိုင်ရှိရာ ယခုဆက်သွယ်ပြီးစီးမှုသည် ၄ ဒသမ ၀၂ မိုင်ရှိရာ ကျန်သော အပိုင်းများကို အမြန်ဆုံးပြီးစီးရန် အဆိုင်းများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်သည် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုတံတားမှ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မြို့နယ် လမ်းဆုံအထိ အမှတ်(၂)လမ်းမကြီးလမ်းအပိုင်းကို ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် သာကေတမြို့နယ်တို့သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတား ကြံ့ခိုင်မှုရှိစေရန် ကြမ်းခင်းအောက်ခံ သံရက်မတန်းများ ပြုပြင်ခြင်း၊ သံပြားကြမ်းခင်းများ ခင်းခြင်းဆောင်ရွက်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (၁၉)

## တံ့တေး အရှင်ကုဏ္ဍလ၏ ဓမ္မပွဲခရီးစဉ်များ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တံ့တေး အရှင်ကုဏ္ဍလ (ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၂ ရက်၌ ရေပေါ်ကန်ရွာ သုံးခွမြို့နယ်၊ ၂၃ ရက်တွင် (၁၈)ရပ်ကွက် သမာဓိလမ်းသွယ် ရွှေပြည်သာ၊ ၂၄ ရက်တွင် လှိုင်မြို့နယ်၊ ၂၅ ရက်တွင် တံ့တေးမြို့နယ် သဝန်းတော၊ ၂၆ ရက်တွင် ကျော်မိသားစု တံ့တေးမြို့နယ်၊ ၂၇ ရက်တွင် သုံးခွမြို့နယ် နန်းခလဲ့ကျေးရွာ၊ ၂၈ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ဗုဒ္ဓပူဇနိယပွဲ၊ မတ် ၁ ရက်တွင် (၃/ခ)ရပ်ကွက် မင်္ဂလာဒုံမြို့နယ်၊ ၂ ရက်တွင် လယ်တီစိမဟာစည်သာသနာ့ရိပ်သာ ညောင်တုန်းကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၊ ၄ ရက်တွင် တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၆ ရက်တွင် ရောင်နီရွာ သုံးခွမြို့နယ်၊ ၇ ရက်တွင် ခနောင်ကျေးရွာ ကျောက်တန်းမြို့နယ်တို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)




## ချစ်နိုင်(စိတ်ပညာ)၏ ချစ်သဖြင့်ရေးသည့်စာများ စာအုပ်ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် ဒို့ကျေးရွာဂျာနယ် ခေါင်းကြီး၊ ဆောင်းပါးများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများတွင်ဖော်ပြပါရှိခဲ့သော ဆောင်းပါး အပုဒ် ၅၀ အား စုစည်း၍ **“ချစ်သဖြင့်ရေးသည့်စာများ”** စာအုပ်ကို မင်းမဟာစာပေမှ တန်ဖိုး ကျပ်၉၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပခုက္ကူ ပဲခူးနှင့် စကုမြို့တို့၌ မီးလောင်ကျွမ်းမှုများဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းပခုက္ကူမြို့ (၂)ရပ်ကွက် မြို့မဈေးရှိ ဒေါ်ကြည်သိန်း (စိန်ရတနာကုန်စုံဆိုင်)မှ ဖေဖော်ဝါရီ ၁၉ရက် နံနက် ၅နာရီကျော်ခန့်တွင် မီးစတင်လောင်ကျွမ်းပြီး ဈေးအတွင်းရှိ ဆိုင်ခန်း ၅၀၈ခန်းကို မီးကူးစက်လောင်ကျွမ်းကာ နံနက် ၁၀နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ပဲခူးတိုင်း ပဲခူးမြို့ (၂၁)မင်းလမ်း လိပ်ပြာကန်ရပ်ကွက် နေအိမ်ရှေ့၌ ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁နာရီခန့်တွင် ဦးအောင်ခင်သည် ဟိုင်းလပ်မော်တော်ယာဉ်မှ ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီထည့်စဉ် မီးလောင်မှုဖြစ်ပွားပြီး ယာဉ်ထိုင်ခုံဆိုဖာနှင့် ယာဉ်ရှေ့ပိုင်း အနည်းငယ် မီးလောင်ကျွမ်းကာ ဦးအောင်ခင်နှင့် ဦးမြစိုး(ခ) ပေါက်စတို့၌ ထိခိုက်ဒဏ်ရာ အနည်းငယ်စီ ရရှိခဲ့သည်။

မကွေးတိုင်း စကုမြို့ (၁)ရပ်ကွက် ဈေးရပ်ရှိ ဈေးဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ ၂၀ရက် ည ၉နာရီခွဲခန့်တွင် လျှပ်စစ် မီးဖိုအပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားပြီး ဈေးဆိုင်ခန်း နှစ်ခန်းနှင့် ကုန်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်။**

**မီးသုံးစွဲလျှင် အသိဉာဏ် ဆင်ခြင်သတိ အမြဲရှိ။**

**မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ။**

# ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်သူအချို့ ခေါင်းပုံဖြတ် လူကုန်ကူးမှုခံနေရ လူကုန်ကူးသူများနှင့် ထိုင်းစက်ရုံပိုင်ရှင် ပူးပေါင်းပြီး လုပ်အားခမပေးဘဲ ခြောက်လှန့်ထိန်းချုပ် အသုံးချလျက်ရှိ

## Human Trafficking Multi-disciplinary အဖွဲ့က မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံတစ်ရုံအား ဝင်ရောက်စီးနင်းစစ်ဆေးပြီး ခေါင်းပုံဖြတ် လူကုန်ကူးခံရသူ မြန်မာ အလုပ်သမား(၆၆)ဦးအား ဖော်ထုတ်စောင့်ရှောက်ထား

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာစုံစမ်းပြီး အမှုမှန်ကန်မြန်ဆန်စွာ တည်ဆောက်စစ်ဆေး အရေးယူရေးနှင့် ဆုံးရှုံးနစ်နာမှုလျော်ကြေးများရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

## ယခုကဲ့သို့ တရားမဝင်သွားရောက်လုပ်ကိုင်သူအချို့ (၇)နှစ်တာမျှအထိ လုပ်အားခမရဘဲ ချုပ်နှောင်ညှဉ်းပန်းနှိပ်စက်မှုခံနေရသဖြင့် လူကုန်ကူးမှုမခံရရေးနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုပါက နည်းလမ်းတကျဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ယခုအခါ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးသည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိရာ နှစ်ဖက်နယ်စပ်ဒေသများ၌ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှု လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။**

ယင်းကဲ့သို့ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဝင်ထွက်သွားလာကူးသန်းမှုများ များပြားလာခြင်းကို အခွင့်ကောင်းယူ၍ ပြည်တွင်းပြည်ပမှ မသမာသူများကလည်း ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအား လိမ်ညာလှည့်ဖြားပြီး လူကုန်ကူးမှုများ ကျူးလွန်လျက်ရှိသဖြင့် ကာကွယ်တားဆီးပညာပေး အရေးယူမှုများ တိုးချဲ့ဆောင်ရွက်နေကြောင်း သိရသည်။ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုစီမံကိန်းများ ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ဖြစ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပွင့်လန်းလာစေလျက်ရှိသည့်နည်းတူ ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ရယူလိုသူများအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် မြန်မာနိုင်ငံ၌ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ ကို အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း ၃၀၀၀၀ ကျော် ရှာဖွေပေးခဲ့ပြီးဖြစ်သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ယခင်က တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအတွက်လည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းကို ၆-၁၁-၂၀၀၆ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ချက်အရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန်အကျသက်သာစွာ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း ပူးပေါင်းညှိနှိုင်း စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်နေသူ သုံးသိန်းခန့်ရှိပြီး ၎င်းတို့အနက် ရှစ်သောင်းခန့်သာ ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ တရားဝင်အလုပ်သမားကတ် ရရှိထားကြောင်း၊ ၁၂၀၀၀၀ခန့်မှာ ထိုင်းအလုပ်သမားကတ်မရှိဘဲ နေထိုင်ခွင့်မှတ်ပုံတင်သာ လုပ်ထားသူများဖြစ်ကြောင်း၊ ကျန်တစ်သိန်းခန့်မှာ အထောက်အထားမဲ့ နေထိုင်လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရှိရသည်။

ထိုင်းစက်ရုံပိုင်ရှင်အချို့ကလည်း အလုပ်သမားကတ်မရှိသူများကို လုပ်အားခနည်းပါးစွာဖြင့် လည်းကောင်း၊ လုပ်အားခမပေးဘဲ ခေါင်းပုံဖြတ်၍လည်းကောင်း ထိန်းချုပ်ခိုင်းစေနိုင်ရန်အတွက် အမြတ်ထုတ်လုပ်ဆောင်နေကြောင်း၊ တရားမဝင် သွားရောက်လုပ်ကိုင်နေသူအများစုမှာ အလုပ်သမားကတ်ရရှိရန် အလွန်ခက်ခဲကြောင်း သိရှိရသည်။

ဖော်ပြပါသတင်းများအရ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၄ရက်တွင် ထိုင်းနိုင်ငံ၊ စမတ်စခုန်(Samutsakhon)ခရိုင် မဟာချိုင်မြို့ ရာညပအူး ရေလုပ်ငန်းစက်ရုံအား ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့(Foundation for Child Development-FCD,Polices of Immigration Detenction Center-IDC.The Center for the Protection of Children's Rights Foundation-CPCR)က ရှောင်တခင်ဝင်ရောက်စီးနင်းစစ်ဆေးခဲ့ရာ မြန်မာအလုပ်သမား (၁၀၈၈)ဦး တွေ့ရှိခဲ့သည့်အနက် အလုပ်သမား ၆၆ ဦး (ကျား ၃ ဦးနှင့် မ ၆၃ ဦး)သည် မတရားညှဉ်းပန်းနှိပ်စက်ခံရပြီး လုပ်အားခမရရှိဘဲ ခေါင်းပုံဖြတ်လူကုန်ကူးခံရသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကယ်တင်ပြီး ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ Bann Kredtrakarn အမျိုးသမီးဂေဟာနှင့် Pakkret Home for Boys အမျိုးသားဂေဟာသို့ ပို့ဆောင်စောင့်ရှောက်ထားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

## မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းတိုးတက်မှု အခြေခံကောင်းများနှင့် အလားအလာကောင်းများ

- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ ရေနက်ကွင်းဒေသများကို စိုက်ပျိုးမြေသယံဇာတများအဖြစ် တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည်။
- ဆည်မြောင်းတာတမံများနှင့် ရေလှောင်တမံများကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။
- သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ နှစ်တိုနှစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ တောင်ယာအစားထိုး လှေကားထစ်လယ်ယာများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များအသုံးပြုခြင်း၊ ဘိန်းအစား အခြားသီးနှံများ အစားထိုးစိုက်ပျိုးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံစေခြင်းစသည့် လုပ်ငန်းများအပြင် စိုက်ပျိုးရေးဘဏ်၊ မျိုးစေ့ဘဏ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

## လူမှောင်ခိုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ

- ➢ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၃-၇-၁၉၉၆ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။
- ➢ ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကို ၇-၁၀-၁၉၉၆ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။
- ➢ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန်အတွက် ၁၉၉၇ခုနှစ်တွင် အစိုးရဌာနပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော National Task Force ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✪